www.burmeseclassic.com

# ဒေပမကြို

# တစ္ဆေကျိန်စာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တစ္ဆေကျိန်စာ

## ဒေဝစကြာ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၀၄၃၉ ၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၄၈၆၀၅၁၂ |
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | စက်တင်ဘာလ၊ ၂၀၁၂ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်မွှင့် |
| မျက်နှာဖုံးဒီဇိုင်း | – | TZH |
| အဖုံးဖလင် | – | KABAOO |
| အတွင်းဖလင် | – | အေဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက် |
| | | အမှတ် ၁၈၁၊ လမ်း ၅၀၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဒေါ်သင်းသင်းမွန် |
| | | သင်းစာပေ (မြ-၀၄၂၃၂) |
| | | အမှတ် ၁၀ ၊ ရတနာမြိုင်လမ်း |
| | | လှည်းတန်း ၊ကမာရွတ်မြို့နယ်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

**ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)**

၈၉၅ . ၈၃

ဒေဝကြာ

တစ္ဆေကျိန်စာ / ဒေဝကြာ – ရန်ကုန်။

သင်းစာပေ၊ ၂၀၁၂။

၁၆၀ – စာ။ ၁၂ စင်တီမီတာ x ၁၈ စင်တီမီတာ


## စာရေးသူထုတ်ဝေပြီးသော စာအုပ်များ

၁။ သချိုင်းစောင့်တစ္ဆေ
၂။ ဝိညာဉ်လိပ်ပြာ
၃။ တစ္ဆေရောင်းရန်ရှိသည်
၄။ မရဏရန်
၅။ သွေးသောက်တဲ့မြိုင်
၆။ မိစ္ဆာတေလေ တောလုံးမွှေ
၇။ တစ္ဆေမင်းသမီး
၈။ သမုဒယဝိညာဉ်
၉။ ငှက်ဆိုးကျိန်စာ
၁၀။ အိပ်မက်ဆိုးသံသရာ
၁၁။ မီးလျှံကြားမှသရဖူ
၁၂။ တမလွန်နမိတ်
၁၃။ ဝဋ်ကြွေးကြွမှာ ဝက်ပါ
၁၄။ အဝိဇ္ဇာရဲတိုက်
၁၅။ ဝိညာဉ်နက်ဇကရီ
၁၆။ ခန္ဓာနှင့်ဝိညာဉ်
၁၇။ ဥပါဒါန်မုန်တိုင်း
၁၈။ မရဏတမာန်
၁၉။ မိစ္ဆာမုဆိုး
၂၀။ ငရဲသို့ဖြတ်လမ်း
၂၁။ သေတမ်းကစားသူ
၂၂။ ဖြစ်မဲ့ခန္ဓာ
၂၃။ မရဏတံခါး၏အခြားတစ်ဖက်
၂၄။ တမလွန်ခရီးသွား
၂၅။ လကွယ်ညအိပ်မက်ဆိုး
၂၆။ အသူရာလမ်းက အိမ်နီကြီး
၂၇။ သံသရာအကျဉ်းသား
၂၈။ အဆိပ်သင့်ဝိညာဉ်
၂၉။ ခွေးနက်ကြီးနဲ့လူ
၃၀။ သေရွာပြန်ချစ်သူ
၃၁။ တစ္ဆေဂေဟာ
၃၂။ သရဲကုန်းကမိစ္ဆာ
၃၃။ သချိုင်းမှအလည်လာသူ
၃၄။ ဒါန်းစီးတစ္ဆေ
၃၅။ ယက္ခမြိုင်မှတစ္ဆေမ
(ယခုလ)
၃၆။ တစ္ဆေကျိန်စာ

www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်သည့်အခန်းများ

၁။ ကြမ္မာဆိုးငင်သောနေ့
၂။ ကန်တော်ရှင်မသီချင်း
၃။ မရလာကန်ကြီးအော်သံ
၄။ ခြောက်ခြားဖွယ်ရာအတိတ်
၅။ သူငယ်ချင်းသုံးယောက်ရှိလေသည်
၆။ စိတ္တဇလူသတ်သမား
၇။ အိပ်မက်ထဲက သစ်ပင်
၈။ တစ္ဆေတစ်ကောင်ရဲ့ကျိန်စာ
၉။ တမလွန်မှကလှဲ့စား
၁၀။ နိဂုံး၏နိဂုံး

* ကျန်အချိန်များတွင် မြို့သူမြို့သားများတွင် ဤကန်ကြီးအနီးသို့ သွားလေ့လာလေ့မရှိကြ။ နတ်ကြီးသည်ဟု ကြောက်ရွံ့ကြသည်။ ထူးခြားတာက ဤကန်ကြီးထဲတွင် ငါးကဲ့သို့သော ရေသတ္တဝါများ လုံးဝပေါက်ဖွားရှင်သန်မှု မရှိခြင်းပင် ဖြစ်သည်။

## (၁) ကြမ္မာဆိုးငင်သောနေ့

www.burmeseclassic.com

www.burmeseclassic.com

## (၁) ကြမ္မာဆိုးငင်သောနေ့

မိုးက စိတ်မချမ်းမြေ့ဖွယ် ကောင်းလောက်အောင်ပင် တစိမ့်စိမ့် ရွာသွန်းနေသည်။ ဟိုတစ်ပတ် စနေကစ၍ ရွာခဲ့သော မိုး။ ဒီစနေဆိုတော့ တစ်ပတ်ပြည့်ပေပြီ။ စနေမိုးသည် ခွေတတ်သည်ဟူသော စကားလည်း ရှိ၏။ နေရောင်ကို မမြင်ရသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်သဖြင့် လူတိုင်း၏စိတ်မှာ လက်ရှိမြင်တွေ့နေရသည့် မိုးကောင်းကင်လို အုံ့ပျပျ မှိုင်းဝေဝေ ရှိနေ၏။

ဘာကြောင့်မှန်းမသိ။ ကျော်ဇောမြတ်၏စိတ်တွေလည်း ကြည်ကြည်လင်လင်မရှိ။ တကယ်ဆို သူ့စာအုပ်ဖြန့်ချိရေးဆိုင်နေ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့် သူ့စိတ်တွေ လန်းဆန်းကြည်လင်နေဖို့ ကောင်းသည်။

ကျော်ဇောမြတ်သည် အသက် ၃၂ နှစ်ရှိသော အောင်မြင်စပြုနေသည့် လျှို့ဝှက်သည်းဖိုစာရေးဆရာတစ်ဦး ဖြစ်သည်။ သူသည် စတင်ထွက်ရှိသည့် လူသတ်ကုန်းမှ အိမ်နီကြီးဝတ္ထုဖြင့်ပင် ပရိသတ်အကြား စတင်ရေပန်းစားခဲ့သည်။ အထူးသဖြင့် သူ့စာဖတ်ပရိသတ်များမှာ လူငယ်နှင့် လူလတ်များ ဖြစ်လေသည်။

သူရေးသော ဝတ္ထုများမှာ ဇာတ်လမ်းဇာတ်အိမ်ခိုင်မာမှု ရှိရုံမက၊ သူ၏စကားပြေအရေးအသား ကောင်းမွန်မှု၊ တင်ပြပုံ သေသပ်ပိရိမှုတို့ကြောင့် စာဖတ်သူကို ရင်တလှပ်လှပ်ဖြစ်အောင် တစ်မျက်နှာပြီးတစ်မျက်နှာ ဆွဲခေါ်သွားနိုင်စွမ်းရှိလေသည်။ ဒါကြောင့်လည်း သူ့နာမည်သည် စာဖတ်သူများအကြားတွင် အချိန်တိုတိုအတွင်း ရေပန်းစားခဲ့၏။ ယခု သူ့ဝတ္ထု၏အမည်က "ကြမ္မာဆိုးငင်သောနေ့"၊ ဤဝတ္ထုမှာ သူ၏ (၁၃) အုပ်မြောက် ဝတ္ထုလည်း ဖြစ်လေသည်။ ဒါကြောင့် သူ့စိတ်တွေ မကြည်မလင် ဖြစ်နေတာလား။

သူ့ဇနီးမာလာဦးကတော့ အားပေးစကား ပြောပါသည်။





"မောင်က ခေတ်ပညာတတ်တစ်ဦးပဲ၊ ၁၃ ဂဏန်းဆိုတာ အမင်္ဂလာဂဏန်းဆိုတဲ့ အစွဲကြီးကို ဖျောက်ပစ်လိုက်ပါ"

ဟုဆိုပြီးတော့ ယခင်က မလိုက်စဖူး၊ ယခုတော့ သူ့စာအုပ်ဖြန့်ချိပွဲကို လိုက်လာသည်။ သူ့စာအုပ်မိတ်ဆက်ပွဲနှင့် ဖြန့်ချိပွဲကို ပန်းဆိုးတန်းရှိ စာအုပ်ဆိုင်ကြီးတစ်ဆိုင်တွင် ကျင်းပခဲ့၏။ သတင်းစာထဲမှ ကြိုတင်ကြေညာထားသဖြင့် သူ့စာဖတ်ပရိသတ်များ ရောက်ရှိလာကြသည်။ သူက စားပွဲတစ်လုံးတွင်ထိုင်ကာ သူ့စာအုပ်ဝယ်လာသူများကို ကိုယ်တိုင်လက်မှတ်ထိုးပေးနေရ၏။ ဒါကလည်း သူ့ထုတ်ဝေသူ ဇော်ဇော်ထွန်း၏ အစီအမံပင် ဖြစ်သည်။ ဒါက သူ၏စာအုပ်အရောင်းမြှင့်တင်ရေး အစီအစဉ်တစ်ခု ဖြစ်လေသည်။

"တွေ့လား . . . ငါထင်ထားတာထက်တောင် လူတွေ ပိုလာသေးတယ်၊ လူတွေက စာရေးဆရာရဲ့လက်မှတ်ကို တန်ဘိုးထားနေကြတာကွ"

အဲဒါက ပြဿနာမရှိ။ သူစားပွဲတွင်ထိုင်ကာ မနက် ၁၀ နာရီကတည်းက လက်မှတ်ထိုးပေးနေသည်။ ၁၂ နာရီထိုးတော့



www.burmeseclassic.com

www.burmeseclassic.com



မည်။ ပရိသတ်က စဲမသွားတဲ့အပြင် ပို၍ပင် များပြားလာသယောင် ထင်ရသည်။ ဒီအတိုင်းဆို ဘယ်အချိန်ကျမှ ထမင်းစားရလေမလဲ မသိ။ သူက အလုပ်ထဲတွင် အာရုံနှစ်ထား၍ရသည်။ သူ့ဘေးတွင် ထိုင်နေရသော သူ့ဇနီးမာလာဦးကတော့ ဆာလောင်လာပေလိမ့် မည်။ သူက မာလာဦးဘက်လှည့်ကာ . . .

"မာလာ . . . မင်းဆာနေလား" ဟု မေးလိုက်၏။

မာလာက ခေါင်းခါပြကာ . . .

"မာလာ မဆာပါဘူး၊ မောင် ဆာလို့လား၊ ဟုတ်တယ် . . . မနက်ကလည်း မောင်ဘာမှမစားဘူး"

"ကော်ဖီတစ်ခွက်သောက်ခဲ့တယ်လေ"

သူက ပြောလိုက်၏။ ဘေးက ထုတ်ဝေသူ ဇော်ဇော်ဦးက-

"တို့ ဒီတစ်သုတ်ရှင်းသွားရင် ထမင်းသွားစားကြတာပေါ့၊ အခုအတိုင်းတော့ ပရိသတ်ကို စာရေးဆရာက ဒီအတိုင်းထား မသွားကောင်းဘူးလေ"

ဟု ဝင်ကန့်ကွက်၏။ ဇော်ဇော်ဦးက ထုတ်ဝေသူဆိုသော် လည်း တက္ကသိုလ်တက်ဖက် သူငယ်ချင်းလည်း ဖြစ်သည်။ မာလာဦး





က ထိုင်ရာမှ ထလိုက်ကာ . . .

"ရှေ့လမ်းထောင့်ဖက်က လက်ဖက်ရည်ဆိုင်မှာ ဟမ်ဘာဂါ သွားဝယ်လိုက်ဦးမယ်၊ ထိုင်ရာက မထဘဲ အဆာပြေစားလို့ရအောင်၊ မောင်ဘာနဲ့စားမလဲ"

"ဝက်နဲ့ပဲ ဝယ်ခဲ့ . . ."

သူမ အစီအစဉ်ကောင်းသည်။ ထမင်းမစားခင် ဗိုက်ဖြည့် ထားသည့်သဘော။ သူက ထွက်သွားသော မာလာဦးကို လှမ်း ကြည့်ကာ . . .

"မာလာရေ . . . မိုးရွာချနေတယ်၊ သတိထားသွား"

ဟု သတိပေးလိုက်သေး၏။ သူ့ရှေ့ကို လူတစ်ယောက် လာရပ်သဖြင့် စကားပြတ်သွားကာ မော့ကြည့်လိုက်သည်။ လူက အသက်လေးဆယ်ခန့် အနည်းငယ်ပြည့်ဖြိုးသော ခန္ဓာကိုယ်ရှိ သဖြင့် ဝသည်ဟု ဆိုနိုင်သော်လည်း ဗိုက်ရွှဲခြင်းမူမရှိ။ ထိပ်က ဆံပင်တွေက ခပ်ပါးပါး၊ အသားညိုညို။ ထူးခြားတာက သူ့မျက် လုံးများပင် ဖြစ်သည်။ စူးစူးရှရှရှိကာ အရောင်ထွက်နေသည်ဟု ပင် ထင်မှတ်ရ၏။ ကျော်ဇောမြတ်က . . .



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ပြောပါ"

"အောင်ကောင်း . . ."

ထိုသူက အသံပြတ်နှင့် ပြော၏။

စိတ်ဝင်စားစရာကောင်းသော အမည်တစ်ခုပင်။

အောင်ကောင်းသို့

ကျော်ဇောမြတ်မှ

ဟုရေးကာ သူ့လက်မှတ်ထိုးပေးလိုက်သည်။ ထိုသူက-

See you again.

ဟုပြောကာ ကျောပေးထွက်သွား၏။ ခင်ဗျားနဲ့ကျုပ် နောက်တွေ့ကြသေးတာပေါ့တဲ့။ သို့သော် ဒီလူစိမ်းနဲ့သူက နောင်လည်း တွေ့စရာအကြောင်းမှ မရှိဘဲ၊ ဘာလို့ ဒီလိုပြောရတာလဲ။ See you again. ဆိုတာကတော့ အနောက်တိုင်းတွင် လူခြင်းခွဲခွာကာနီး နှုတ်ဆက်စကားသက်သက်မျှသာ ဖြစ်သည်။ အလေးအနက် မထားသင့်။

သူ့ရှေ့သို့ လက်မှတ်ထိုးပေးရန် နောက်ထပ်လူတွေ ရောက်လာသဖြင့် သူ့အတွေးတွေ ပြတ်တောက်သွားသည်။ သူက





လက်မှတ်ထိုးပေးသည့် အလုပ်ထဲတွင် နစ်မြုပ်နေစဉ်၊ ကျယ်လောင်သော မိုးကြိုးပစ်သံကို ကြားလိုက်ရ၏။ ငယ်ငယ်ကတည်းက သူ့သည် မိုးကြိုးပစ်သံကြားတိုင်း ထိတ်လန့်တတ်သည်။ ဤမိုးကြိုးပစ်သံက အနီးကပ်ပစ်ချလိုက်သလို ကျယ်လောင်လှရာ သူ့ခေါင်းပေါ်က ဆံပင်တွေပင် ထောင်ထသွားသည် ထင်လိုက်ရ၏။ ဆိုင်ထဲရှိ ကြောက်တတ်သော မိန်းမတချို့အော်လိုက်သံကို ကြားရသည်။ မရှေးမနှောင်းမှာပင် ဆက်ကာ ကြားလိုက်ရသော အသံတစ်ခုက . . .။

* * * *

မာလာဦးသည် မိုးရွာနေသဖြင့် လမ်းကို ဂရုတစိုက် ဖြတ်ကူးရသည်။ တဘက်က ဆိုင်တွင် ကော်ဖီကို ပူးနှင့်ဝယ်သည်။ ပြီးတော့ ဟမ်ဘာဂါ (၂) ခုဝယ်သည်။ ဆိုင်ထဲတွင် မိုးခိုရင်း စားသောက်သူအတော်များသဖြင့်၊ သူငွေရှင်းရန် အတော်ပင် စောင့်ဆိုင်းနေရသည်။ ငွေရှင်းပြီးသည်နှင့် ခပ်သွက်သွက် သူဆိုင်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သည်။ အလောတကြီး လမ်းပေါ် ဆင်းမိမည်ပြုစဉ် ကား တစ်စီးက သူ့ရှေ့မှဝှတ်ကာ မောင်းသွားသဖြင့် ထိတ်လန့်သွား သည်။ အလျင်လိုသဖြင့် တိုက်မိတော့မလို့။

သူ့မှာက ထီးကတစ်ဖက်၊ ဝယ်ထားသော မုန့်ကတစ်ဖက်။ ဤနေရာမှာ လူကူးမျဉ်းကြားမရှိ။ လူကူးမျဉ်းကြားမှကူးလျှင် အတော်ဝေးဝေး လျှောက်နေရမည်။ ဒီနေရာက ကူးလျှင်တော့ စာအုပ်ဆိုင်ရှိရာ တန်းကနဲ ရောက်သွားနိုင်သည်။ ကားရှင်းအောင် အတော်စောင့်နေရသည်။ ကားအနည်းငယ်ရှင်းသည်နှင့် ခပ်သွက် သွက် ကူးလိုက်၏။ လေကတိုးနေသဖြင့် ထီးကို လွင့်ပါမသွား အောင် ဂရုစိုက်ရသေးသည်။ လက်တစ်ဖက်က ဟမ်ဘာဂါမုန့်ထုပ် နှင့် ကော်ဖီပူး။

ထိုအခိုက် ကျယ်လောင်သော မိုးကြိုးပစ်သံကို ကြားလိုက် ရသဖြင့် ကြက်သေသေကာ အထိတ်တလန့်ဖြစ်၍ ရပ်နေလိုက်မိ သည်။

* * * *





ဒရိုင်ဘာဦးထွန်းမောင်သည် အသက် ၅၀ ကျော်အရွယ် ရှိကာ၊ အတော်ပင် ဝဖိုင့်သော ခန္ဓာရှိနေသဖြင့် ကားမောင်းဖို့ မသင့်တော်တော့။ အထူးသဖြင့် ယခုလို ကုန်ပစ္စည်းပို့သော ကုမ္ပဏီကားကြီးမျိုးကို ပို၍မမောင်းသင့်။ ထမင်းစားပြီးစ ဗိုက် လေးနေသဖြင့် ကားမောင်းရတာ အဆင်မပြေ။ ထမင်းဆိပ်တက် ကာ အိပ်ချင်နေသဖြင့် မျက်လုံးကိုလည်း အတင်းဖြဲထားရသေး သည်။ ရာသီဥတုက ထိုင်းထိုင်းမှိုင်းမှိုင်း။ ဤအခြေအနေက လူ့ စိတ်ကို ပိုမိုထိုင်းမှိုင်းစေသည် ထင်သည်။ ထိုအခိုက် မထင်မှတ်ဘဲ ကျယ်လောင်သော မိုးကြိုးပစ်သံထွက်ပေါ်လာ၏။ သူ ရုတ်တရက် အထိတ်တလန့် ဖြစ်သွားသည်။ ကားကို ထိန်းသိမ်းမှုမှ ချွတ်ချော် ကာ သတိလက်လွတ်ဖြစ်သွား၏။

သူသတိပြုလိုက်မိတော့ သူ့ကားက လမ်းလယ်တွင် ထီး တစ်စင်းနှင့်ရပ်နေသော မိန်းမတစ်ယောက်ဆီသို့ တည့်တည့်တိုး ဝင်သွားသည်။ သူဘရိတ်အုပ်လိုက်သော်လည်း နောက်ကျသွား သည်။ ကားက မိန်းကလေးကို တည့်တည့်ဝင်တိုးမိ၏။

ကားဘရိတ်အုပ်သံ၊ ဘေးမှကြည့်နေသူတို့၏ အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



သံတွေက မိုးသံကို ကျော်လွှားကာ ထွက်ပေါ်လာလေတော့သည်။

* * * *

စာအုပ်ဆိုင်ထဲမှ လူတွေက အားလုံးအပြင်ပြေးထွက်သွားကြသည်။

“ကားတိုက်မိလို့တဲ့”

သတင်းစကား သဲ့သဲ့ကြားသည်။ သူလည်း ဆိုင်ထဲက ပြေးထွက်ခဲ့သည်။ လူအုပ်ကို တိုးဝှေ့ကာ ကြည့်လိုက်၏။ လမ်းပေါ်တွင် လဲကျနေသော မာလာဦး။ သူ့ခန္ဓာကိုယ်မှထွက်သော သွေးတို့မှာ ရေနှင့်ရောကာ ကတ္တရာလမ်းပေါ် စီးဆင်းနေသည်။ သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော မုန့်ထုပ်ထဲမှ ဟမ်ဘာဂါလေးက လမ်းပေါ်ထွက်ကျနေသည်။ သူ သူ့မိန်းမ၏ အသက်ကင်းမဲ့နေသော ခန္ဓာကိုယ်ကိုဖက်ကာ ငိုကြွေးနေမိသည်။ မိုးရေနှင့် မျက်ရည်ရောထွေးသွားသည်။

ဒီနေ့ ၁၃ ရက်။





ကြမ္မာဆိုးငင်သောနေ့။

* * * *

ဤကိစ္စများ ဖြစ်ပွားပြီး သုံးလခန့်ကြာမြင့်သွားသော တစ်နေ့ . . .။

အရက်ဆိုင်တွင် တစ်ကိုယ်တည်းထိုင်ကာ ကျော်ဇေမြတ် ဝီစကီသောက်နေမိသည်။ သူ့မျက်လုံးတွေက ဆိုင်တွင်းမှ မှန်နံရံကိုဖောက်ထွင်းကာ ကားလမ်းမဆီ ငေးကြည့်နေမိသည်။ ထိုကဲ့သို့သော ကတ္တရာလမ်းမပေါ်တွင် ခွေခွေကလေးလဲကျကာ သေဆုံးနေသည့် သူ့ဇနီးမာလာဦး၏ ပုံသဏ္ဌာန်ကို သူ့မျက်စိထဲမှ ယခုအချိန်အထိ ဖျောက်ဖျက်၍မရ။

သူနှင့်မာလာဦး လက်ထပ်ခဲ့တာ သုံးနှစ်ခန့်သာ ရှိသေးသည်။ လွန်ခဲ့သော (၃) နှစ်ခန့်က တစ်ခုသော နွေတွင် သူသည် ချောင်းသာသို့ အပန်းဖြေစာရေးရန် ရောက်နေစဉ် မာလာဦးနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်၏။ သူရောက်သွားသောကာလက အပန်းဖြေ



www.burmeseclassic.com

www.burmeseclassic.com



လာရောက်သူ နည်းပါးသော ကာလဖြစ်သည်။ သို့သော် သူ့လိုပင် အေးအေးလူလူ ပန်းချီရေးရန် ရောက်ရှိနေသည့် မာလာဦးနှင့်သူ တွေ့ဆုံကာ ချစ်သူဘဝရောက်ခဲ့ကြသည်။ ချစ်သူဖြစ်ပြီး သုံးလခန့် အကြာတွင် သူတို့လက်ထပ်ခဲ့ကြသည်။ ဇနီးမယားတစ်ယောက် အတွက်တော့ အသက်ရှင်စဉ်ကာလတလျှောက်လုံး မာလာဦးသည် အပြစ်ပြောစရာမရှိသော ဇနီးကောင်းတစ်ယောက် ဖြစ်သည်။ သူ အနုပညာအာရုံဝင်စားကာ ပန်းချီရေးနေချိန်များမှအပ ကျန်အချိန် များတွင် မယားဝတ္တရားမပျက်သူ ဖြစ်၏။ သို့သော် . . .

ကွယ်လွန်ပြီးမှ သိခဲ့ရသော အဖြစ်တစ်ခုကတော့ သူ့ အသည်းနှလုံးကို အစိတ်စိတ်အမွှာမွှာ ကွဲကြေစေခဲ့သည်။ ကွယ် လွန်ပြီးမှ မာလာဦး၏အလောင်းကို ခွဲစိပ်စစ်ဆေးရသော ဆရာ ဝန်က မာလာဦးတွင် ကိုယ်ဝန်သုံးလရှိနေခဲ့သည်ဟု ပြောဆိုခဲ့ခြင်း ဖြစ်သည်။ ထိုစကားက ကျော်ဇောမြတ်ကို အကြီးအကျယ် ထိတ် လန့်ခြောက်ခြားစေသည်။ သူဘာကြောင့် မသိရတာလဲ။ သူ့ကို ကိုယ်ဝန်ရှိနေတာကို ဘာကြောင့် မာလာဦးက ထုတ်ဖော်မပြောဘဲ ဖုံးကွယ်ထားရတာလဲ။ သူ ဘယ်လိုမှ ဝေခွဲမရ။





သူ့ကွယ်ရာမှာ တခြားသူတစ်ဦးတစ်ယောက်နဲ့ ရခဲ့တဲ့ ကိုယ်ဝန်လား။ ဒီအတွေးတွေကို သူ့ခေါင်းထဲက ထုတ်ပစ်နိုင်အောင် ကြိုးစားရသည်။ သူ့မိန်းမကို သစ္စာမဲ့သူတစ်ဦးအဖြစ် သူလက် မခံချင်။ တစ်ခုတော့ ရှိသည်။ သူ့ဇနီးက အနုပညာရှင် ပန်းချီ ဆရာမတစ်ဦးပီပီ လွတ်လွတ်လပ်လပ် နေထိုင်တတ်သည်။ ပြီး တော့ မကွယ်လွန်မီ သုံးလလောက်က လွတ်လွတ်လပ်လပ် ပန်းချီ ရေးချင်သည်ဟုပြောကာ တောင်ကိုးလုံးတွင် သွားရောက်နေထိုင် ခဲ့သေးသည်။ တောင်ကိုးလုံးတွင် ဘာတွေဖြစ်ပျက်ခဲ့သနည်း။ သူ ကလည်း ယခုထွက်ရှိခဲ့သည့် "ကြမ္မာဆိုးငင်သောနေ့" စာအုပ်ကို အဆုံးသတ်ရန် ကြိုးစားပမ်းစား ရေးသားနေသဖြင့် တောင်ကိုးလုံး မြို့ကို မာလာဦးတစ်ယောက်တည်း လွှတ်လိုက်ခဲ့မိသည်။ အဲဒါက သူ့အမှားပေလား။

တကယ်တော့ တောင်ကိုးလုံးဆိုတာ သူ့ဇာတိမြို့ပင် ဖြစ် သည်။ မြေပြန့်မှ တောင်ကိုးလုံးကို ကျော်ဖြတ်ပြီးမှ သူတို့မြို့ကလေး ကို ရောက်၏။ ဒါကြောင့် တောင်ကိုးလုံးဟု အမည်တွင်လေသလား မသိ။ တောင်ပေါ်မြို့ကလေးပီပီ အေးချမ်းကာ ဆိတ်ငြိမ်သော



www.burmeseclassic.com

www.burmeseclassic.com



လှပ၏။ သို့သော် သူ့အမေကွယ်လွန်သောအခါ သူ့အဖေသည် ထိုမြို့ကလေးကို ကျောခိုင်းထွက်ခွာလာခဲ့သည်။ ရန်ကုန်တွင်သာ အခြေချနေထိုင်ခဲ့၏။ သို့တိုင အောင် သူတို့ပိုင်သော အိမ်ကြီးက တော့ မြို့အစပ် မိုးမခကန်ကြီးဘေးတွင် ယခုတိုင်ရှိနေဆဲ ဖြစ်သည်။ ထိုကန်ကြီး၏တဝိုက် ကန်ပတ်ပတ်လည်တွင် မိုးမခပင်တွေ အုပ်မိုး ပေါက်ရောက်နေသဖြင့် ဤကန်ကို မိုးမခကန်ဟု ခေါ်ကြ၏။ ဤ ကန်က ရာဇဝင်ရှိသည်။ သူငယ်ငယ်က ကြားဖူးတော့ ကောင်း ကောင်းမမှတ်မိ။ ဤကန်ကြီးကို တူးဖော်စဉ်က အောင်မြင်အောင် စတေးခဲ့ရသော မိန်းမက ကန်တော်ရှင်မ,ဖြစ်ကာ ဤကန်ကြီးကို စောင့်ရှောက်နေသည့် အကြောင်း။ ဘာပဲပြောပြော တစ်နှစ်တစ်ခါ ဤကန်ကြီးဘေးတွင် ပွဲတော်လုပ်ခဲ့တာကို မှတ်မိနေ၏။ တစ်မြို့ လုံး ပျော်ခဲ့ပါးခဲ့ကြသည်။

သို့သော် ကျန်အချိန်များတွင် မြို့ကလူများသည် ဤကန် ကြီးအနီးသို့ သွားလေ့မရှိကြ။ ဤကန်ကြီးကို နတ်ကြီးသည်ဟု ကြောက်ကြသည်။ ထူးခြားတာက ဤကန်ထဲတွင် ငါးကဲ့သို့သော ရေသတ္တဝါများ ပေါက်ဖွားကျက်စားခြင်း မရှိခြင်းပင် ဖြစ်သည်။





ပညာရှင်တွေကတော့ ရေထဲတွင် ကန့်ဓါတ်ပါဝင်မှုမှာ သက်ရှိ သတ္တဝါများ မရှင်သန်နိုင်အောင် များပြားသည်ဟု ဆိုကြသည်။ ဒီလို သတ္တဝါတွေမရှိတော့ ငါးဖမ်းသော အလုပ်လုပ်သည့် တံငါ သည်တွေလည်း မရှိ။ ကန်ကြီးမှာ သုသာန်တစပြင်လို တိတ်ဆိတ် လှသည်။

သူတို့အိမ်က ဤကန်ကြီးအစပ်တွင်ရှိတော့ ငယ်ဘဝ အကြောင်း သူကောင်းကောင်း မှတ်မိနေသည်။ ကန်ဘေးမှာ တစ် ယောက်တည်း စာရေးဆရာဖြစ်မယ့်လူပီပီ ငိုင်ငေးနေတတ်သေး သည်။ သူက ရေမကူးတတ်။ ဒီတော့ ရေထဲတော့ မဆင်းဖြစ်။ အဖေကလည်း မဆင်းနှင့်ဟု တားမြစ်သည်။ တကယ်ပြန်တွေး ကြည့်တော့ ကန်ကြီးနှင့်ပတ်သက်သမျှမှာ ဝိုးတဝါးတားသာ ဖြစ် သည်။ သူရန်ကုန်ရောက်ပြီးကတည်းက မြို့ကလေးသို့ ပြန်မရောက် တော့။ သူတို့အိမ်ကို အစောင့်ကြီးတစ်ဦးနှင့်သာ ထားသည်။ အဖေ မသေခင်ကတော့ မိတ်ဆွေဟောင်းတချို့နှင့် တွေ့ဆုံရန် သုံးလေး နှစ်တစ်ခါလောက် ထိုမြို့သို့ ပြန်တတ်၏။

လွန်ခဲ့သော သုံးလေးလက မာလာဦးက သူ့အဲဒီအိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သို့သွားကာ အေးအေးလူလူ ပန်းချီရေးချင်သည်ပြောတော့၊ သူက သဘောတူလိုက်၏။ သူလည်း မရောက်တာ ကြာပြီ။ အတူသွားကြမည်ဟု ရည်ရွယ်ထားသည်။ သို့သော် သူ့ဝတ္ထုက သတ်မှတ်ထားတဲ့အချိန် မပြီးသဖြင့် သူမလိုက်နိုင်တော့ဘဲ မာလာဦးတစ်ယောက်ထဲကိုသာ လွှတ်လိုက်ရသည်။ သူ့ကွယ်ရာ ထိုမြို့ကလေးတွင် မာလာဦးဘာတွေဖြစ်ခဲ့သလဲ။

ကျော်ဇောမြတ်က စားပွဲပေါ်တွင် တင်ထားသော သူ့ရှေ့က အရက်ခွက်ကို ကောက်ယူမော့သောက်ရန် ပြင်လိုက်သည်။ သို့သော် ဘေးမှတစ်စုံတစ်ယောက်က သူ့လက်ကိုဆွဲကာ တားလိုက်သဖြင့် ထိုလက်မှာ လေထဲတွင် ရပ်တန့်သွားလေသည်။

* * * *



* ကုတင်ပေါ်တွင် တစ်ယောက်ယောက်က ဝင်ရောက်လှဲလိုက်သလို အိပ်ရာက သိမ့်ကနဲ လှုပ်သွားတာ သူသိလိုက်သည်။ ပြီးတော့ သူ့နှာခေါင်းထဲတွင် သူ့ဇနီးသုံးနေကျ ရက်ပလွန်ရေမွှေးရနံ့က သင်းပျံ့လာ၏။

## (၂) ကန်တော်ရှင်မသိချင်း

www.burmeseclassic.com

www.burmeseclassic.com

## (၂) ကန်တော့ရှင်မသီချင်း

"မင်း . . . ဒီအရက်ပဲ အမြဲပြုနေတော့မှာလား . . . ကျော်ဇော"

သူ့ဘေးသို့ ရောက်လာကာ ပြောလိုက်သူက ဇော်ဇော်ဦး ဖြစ်သည်။ ဇော်ဇော်ဦးက သူ့ထုတ်ဝေသူသာ မဟုတ်။ သူ့ကျောင်းနေဘက် သူငယ်ချင်းလည်းဖြစ်တော့ မင်းနဲ့ငါနဲ့သာ ပြောလေ့ရှိသည်။

"မင်းကိုငါ စာနာနိုင်ပါတယ်၊ မာလာဆုံးသွားတဲ့အတွက် မင်းဘယ်လောက်ကြေကွဲနေတယ်ဆိုတာလဲ ရိပ်မိတယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပေးထားခဲ့တာပဲ၊ အခု သုံးလကျော်ခဲ့ပြီ၊ ဒီအချိန်ဟာ မင်းစိတ်ကို မင်းထိန်းဖို့အတွက် လုံလောက်တဲ့အချိန်လို့ ငါထင်တယ်"

"အဖေသေပြီးကတည်းက ငါ့ဘဝ ဘယ်လောက်အထီးကျန်ခဲ့တယ်ဆိုတာ မင်းအသိပဲ ဇော်ဇော်၊ မာလာ ငါ့ဘဝထဲကို ဝင်လာတော့ ငါပျော်ခဲ့တယ်၊ ငါ့ဘဝ စိုပြေလာတယ်၊ ဟော . . . အခု မာလာက ငါ့ဘဝထဲက နှုတ်မဆက်ဘဲ ထွက်ခွာသွားပြန်တယ်၊ ပြီးတော့ ငါ့မှာ ဘယ်လိုစိတ်အနှောင့်အယှက်ဖြစ်စရာ ကျန်ခဲ့တယ်ဆိုတာလည်း မင်းအသိပဲ"

ဆရာဝန်ဆေးစစ်ချက်ကို ဇော်ဇော်ဦးကလည်း သိထားခဲ့သည်။ သူက သက်ပြင်းချကာ . . .

"မင်းလည်း မာလာ့အကြောင်း သိရဲ့သားနဲ့ကွာ၊ မာလာက ဖောက်ပြန်တတ်တဲ့မိန်းကလေး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ငါလည်း ဒီလိုပဲ တွေးချင်ပါတယ် ဇော်ဇော်၊ ဒါပေမယ့် ဘာလို့ဒီကိစ္စကို သူက ဒီလောက်ကြာအောင် ငါ့ကို ဖုံးကွယ်ထားရတာလဲ၊ ဒီကိစ္စကို ငါသိရင် ငါဝမ်းမြောက်ဝမ်းသာ ဖြစ်မယ်ဆိုတာလည်း သူအသိသားပဲ"





ဒီအချက်ကတော့ မှန်သည်။ ဇော်ဇော်ဦးက ဘယ်လိုပြန်ရှင်းပြရမည် မသိတော့၊ ကျော်ဇောမြတ်က ကြေကွဲသော လေသံဖြင့် . . .

"ဒီတော့ ငါက ဘာလုပ်ရမလဲ"

"လွယ်ပါတယ် . . . မင်းစာရေးရမယ်လေ၊ မင်း ငါ့ဆီကို စာအုပ်မအပ်တာ လေးငါးလရှိပြီ၊ မင်းစာဖတ်ပရိသတ်တွေက အသစ်ကို တောင့်တနေပြီကွ"

"ဇော်ဇော်ရာ . . . ဒီလိုအခြေအနေမျိုးမှာ ငါက ဘယ်လိုလုပ် စာရေးနိုင်မှာလဲ"

"မင်းကိုစာရေးဖို့ တိုက်တွန်းနေတယ်ဆိုတာ ငါက အမြတ်အစွန်းလိုချင်လို့ မဟုတ်ဘူး၊ ဒီလို စာရေးတဲ့အလုပ်ထဲ မင်းစိတ်နှစ်ထားနိုင်ရင် မင်းရဲ့သောကတွေ ပြေပျောက်သင့်သလောက် ပြေပျောက်သွားနိုင်မယ်ထင်လို့"

သူ့သူငယ်ချင်းစေတနာကိုတော့ သူလေးစားပါသည်။

"ငါ့အတွက်က မြင်လေရာရာမှာ သူ့ကိုပဲ သတိရစရာတွေ ဖြစ်နေတယ်၊ ဒီနေရာမှာ သူလမ်းလျှောက်ခဲ့တာ၊ ဒီနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



သူထိုင်ခဲ့တာ၊ ဒီနေရာမှာ သူလှဲခဲ့တာ . . .”

“လွယ်ပါတယ် . . . သူ့အရိပ်တွေနဲ့ဝေးတဲ့ တစ်နေရာကို သွားလိုက်ပေါ့”

ကျော်ဇောမြတ်က နားမလည်နိုင်သလို မေးလိုက်သည်။

“ဘယ်ကိုလဲ . . .”

“တောင်ကိုးလုံးကိုပေါ့၊ အဲဒီက အိမ်ကြီးမှာ သွားအနားယူရင်း မင်းစာအုပ်တစ်အုပ်ပြီးအောင်ရေးခဲ့”

* * * *

ကားက မြင့်တက်သွားလိုက်၊ နိမ့်ဆင်းသွားလိုက်နှင့် တောင်တွေတစ်တောင်ပြီးတစ်တောင် ကျော်လာခဲ့သည်။ ခရီးဆက်ရသည့် တောင်တွေက မြင့်သထက် မြင့်လာ၏။ နောက်ဆုံး အမြင့်ဆုံး တောင်ထိပ်ပေါ်တွင် တောင်ကိုးလုံးမြို့ကလေးက တည်ရှိနေသည်။ သူကျောင်းသားဘဝက နေခဲ့သလိုပါပဲ။ မြို့ကလေးက အေးဆေးငြိမ်သက်လှသည်။ ဒီမြို့က အခြားမြို့တွေနှင့် အလှမ်းဝေးကွာ





သည်။ လူစိမ်းသူစိမ်းတွေ အရောက်အပေါက် အင်မတန်နည်းသည်။ နွေဆိုရင်တော့ အပန်းဖြေလာရောက်တတ်သူ အနည်းငယ်ရှိ၏။ သို့သော် ဒီမြို့က စိတ်ဝင်စားစရာ မကောင်းလှသဖြင့် လာရောက်သူတွေက သိပ်သဘောတွေ့လှေမရှိ။

မြို့လယ်က စတိုးဆိုင်ကြီးတစ်ဆိုင်ရှေ့တွင် ကျော်ဇောမြတ်က ကားကိုခဏရပ်လိုက်သည်။ ဆိုင်ထဲဝင်ကာ စားစရာ၊ သောက်စရာတချို့ဝယ်သည်။ သူတည်းခိုရမည့်အိမ်က မြို့အစွန်မှာရှိသည်။ မြို့လယ်နှင့် အတန်ငယ်လှမ်းသည်။ ဒီတော့ စားစရာ၊ သောက်စရာတချို့ကို ဝယ်ယူသိုလှောင်စားသောက်ရမှ အဆင်ပြေမည်။ ဆိုင်ရှင်မိန်းမဝဝကြီးမှာ သူက ပစ္စည်းအတော်များများ ဝယ်သဖြင့် အတော်ပင် တက်ကြွနေပုံရသည်။ ဤကဲ့သို့ ဈေးမရောင်းရတာ ကြာပုံရသည်။

“မင်းက ဧည့်သည်ထင်တယ်၊ တည်းခိုခန်းကောင်းကောင်း ညွှန်ပေးရမလား”

ဟုအပြုံးဖြင့် ပျူငှာစွာ ပြော၏။ ကျော်ဇော်မြတ်က . . .

“ကိစ္စမရှိပါဘူး၊ ကျွန်တော့်မှာ တည်းခိုဖို့ နေရာရှိပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ လှည့်ထွက်လာခဲ့သည်။ အပြင်က သူရပ်ထားသည့်ကားဆီ လျှောက်လာသောအခါ ကားကို သေချာစွာ ကြည့်ရှုနေသူတစ်ဦးကို ကျောဘက်မှ မြင်လိုက်ရသဖြင့် အနားလျှောက်သွားရင်း . . .

"ဘာကိစ္စများရှိလို့လဲ"

ဟုမေးလိုက်၏။ ဒီတော့ ကားဘေးတွင် ရပ်နေသူက လှည့်ကြည့်သည်။ လူက အသက်လေးဆယ်ခန့်ရှိကာ အရပ်ခပ်ပြတ်ပြတ်နှင့် တုတ်ခိုင်သော ခန္ဓာကိုယ်ရှိ၏။ စူးရှသော မျက်လုံးတွေရှိ၏၊ ထိုသူက သူ့ကိုတွေ့တော့ ပြုံးလိုက်ကာ . . .

"ခင်ဗျား . . . ကျုပ်ကို မမှတ်မိဘူးလား"

မေးတော့ ကျော်ဇောမြတ်က ခေါင်းခါပြလိုက်သည်။ သူ့မှတ်ဉာဏ်ကို အပြေးအလွှား အသုံးချကြည့်သော်လည်း အဖြေထွက်မလာ။ ထိုလူက . . .

"ကျွန်တော်က အောင်ကောင်းလေ"

ဆိုသော်လည်း ထိုနာမည်ကို မကြားဖူးသလို ဖြစ်နေသည်။ သူ့အသိအကျွမ်းမိတ်ဆွေများထဲတွင် ထိုအမည်နှင့်သူ မရှိတာ





တော့ သေချာသည်။ ကိုအောင်ကောင်းဆိုသူက ကျော်ဇောမြတ်၏အခက်အခဲကို နားလည်သွားဟန်တူလေသည်။

"လွန်ခဲ့တဲ့ သုံးလလောက်က ရန်ကုန်က ခင်ဗျားရဲ့စာအုပ်မိတ်ဆက်ပွဲမှာ ဆုံခဲ့တယ်လေ၊ ကျွန်တော်က လက်မှတ်ထိုးခိုင်းလို့ ခင်ဗျားထိုးပေးလိုက်တဲ့ စာအုပ်ကလေး အခုထိ ကျွန်တော့်ဆီမှာ ရှိသေးတယ်၊ မှတ်မှတ်ရရပဲ . . . အဲဒီနေ့က ခင်ဗျားရဲ့ဇနီး ကားတိုက်မိပြီး . . ."

ကျော်ဇောမြတ်က လက်ပြကာ တားလိုက်သည်။ ဒီလူမို့ အလိုက်ကန်းဆိုးမသိ ပြောရက်တယ်။ ဒီအကြောင်းတွေကို သူပြန်မကြားချင်။

"ဆောရီးပဲ . . ."

ဦးအောင်ကောင်းက တောင်းပန်လိုက်၏။

"ရပါတယ်၊ အဲဒီနေ့က ကျွန်တော့်စာအုပ် တစ်ရာကျော်လောက် လက်မှတ်ထိုးပေးလိုက်ရတယ်၊ လူတိုင်းရဲ့နာမည်ကို ကျွန်တော်မမှတ်မိနိုင်ဘူးပေါ့"

"See you later"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ဦးအောင်ကောင်းက ထွက်သွားသည်။ ဒီတော့မှ သူမှတ်မိသလိုရှိလာ၏။ အဲဒီပွဲမှာ သူက သွားကာနီးတွင်လည်း . . .

See you again.

ဟုပြောခဲ့သေးသည် မဟုတ်လား။ သူကတောင် စဉ်းစားမိသေးသည်။ ပြန်ဆုံစရာမရှိဟု။ အခုတော့ သူပြောသလို ပြန်ဆုံနေရသည်။ သူက စကားပြောမည်လုပ်တော့လည်း ကျောခိုင်းထွက်ခွာသွားပြန်သည်။ တကယ်တော့ ဒီမြို့နှင့်ပတ်သက်၍ မြို့ခံလူတစ်ယောက်နှင့် သိကျွမ်းဖို့ သူလိုအပ်နေတာတော့ အမှန်ပင်ဖြစ်သည်။

မြို့လယ်မှ ဆယ်မိနစ်ခန့် မောင်းလိုက်သောအခါ စိမ်းမြသော ရေကန်ကြီးဆီ သူရောက်သွားသည်။ ရေကန်ဘေးမှ ဖြတ်သန်းဖောက်လုပ်ထားသော ကားလမ်းအတိုင်း သူမောင်းလာခဲ့သည်။ ကန်ရေပြင်က သင်ဖြူးခင်းထားသလို ပကတိ ငြိမ်သက်နေ၏။ ကန်စောင်းတစ်နေရာတွင်ရှိသော အတန်အသင့်ကြီးမားသည့် နတ်ကွန်းတစ်ခုကို သူကျော်လာခဲ့သည်။ ဤနတ်ကွန်းမှာ ဤကန်





ကြီးကို ပိုင်စိုးသည်ဆိုသော ကန်တော်ရှင်မ၏နတ်ကွန်းပင် ဖြစ်သည်။ ဤမြို့ကို ဖြတ်သန်းသွားသော ကားတိုင်းပင် ထိုနတ်ကွန်းကို ဦးတိုက်ပူဇော်လေ့ရှိ၏။ ထိုသို့ပြုလျှင် အန္တရာယ်ကင်းသည်ဟု အယူရှိကြသည်။ ကန်ကြီးကို ကွေ့ပိုက်ကာဆင်းသော မြေနီလမ်းအတိုင်း သူ့ကားကို ကွေ့မောင်းချလိုက်တော့ ကြာကြာမမောင်းလိုက်ရ။ ရေနံပြည့်ဝနေသော နှစ်ထပ်အိမ်မဲကြီးတစ်လုံးရှေ့ကို သူရောက်သွား၏။

ကားပေါ်ကဆင်းကာ သူရပ်ငေးကြည့်လိုက်သည်။ အိမ်ကြီးက အတော်ပင် ဟောင်းနွမ်းဆွေးမြေ့နေလေသည်။ ရေနံအထပ်ထပ်သုတ်ထားသဖြင့် မည်းမှောင်နေ၏။ ကန်ရေပြင်နှင့်ကိုက်အနည်းငယ်သာ ဝေးသဖြင့် ကန်ကြီး၏ရှုခင်းကို ကောင်းစွာကြည့်မြင်ခံစားနိုင်၏။ ကန်ကြီးကို သူရပ်ငေးကြည့်နေစဉ် အိမ်ထဲက အသက် (၇၀) ခန့်ရှိမည်ထင်ရသော အဘိုးကြီးတစ်ဦးထွက်လာ၏။ အဘိုးကြီးမှာ တောအရပ်တွင် နေထိုင်သူတို့ သဘာဝအတိုင်း အရွယ်နှင့်မမျှအောင် သန်စွမ်းပုံရ၏။ ဤလူကြီးကား သူ့အဖေလက်ထက်ကတည်းက ဤအိမ်ကြီးကို စောင့်ရှောက်ရန် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ဦးအုံ့မောင်ဆိုသူပင် ဖြစ်ရမည်။ သူက . . .

"သူ့ဒွေးလေး ထင်တယ်၊ ဖုန်းဆက်ထားလို့ စောင့်နေတာ၊ မနက်စောစောရောက်မယ် ထင်ထားတာ၊ ကျုပ်က အုံ့မောင်ပါ"

ဟု မိတ်ဆက်၏။ ကျော်ဇောမြတ်က . . .

"ကျွန်တော့်ကို တရိုတသေ ဆက်ဆံစရာ မလိုပါဘူး၊ မောင်ကျော်ဇောလို့ပဲ ခေါ်ရင် ရပါပြီ"

အဘိုးကြီးက အိမ်ကို အတော်ပင် ပြင်ဆင်မွမ်းမံထားသည်။ သူက ချီးကျူးမှုမပြုမီ . . .

"ဒါတွေက မောင်ရင့်မိန်းမလာနေတုန်းက ဝယ်ပြီးပြင်ဆင်ထားခဲ့တာတွေလေ၊ သူက ပစ္စည်းကောင်းကောင်းကြိုက်တယ်၊ တော်တော်လည်း အေးချမ်းတဲ့ အမျိုးသမီးပါပဲ၊ သူ့အကြောင်း ကျုပ်ကြားလိုက်ရတော့ ယုံတောင် မယုံနိုင်ဘူး၊ တကယ့် မိန်းမကောင်းလေးပါ၊ ဒီမှာနေတုန်းကလည်း လူချစ်လူခင်ပေါ်ရှာတယ်"

ဟု အမှတ်ရ စကားပြောနေသဖြင့် ကျော်ဇောမြတ်ခံစားရပြန်လေသည်။ သူက အောက်ထပ်တွင်ပင် နေဖို့ဆုံးဖြတ်ခဲ့၏။ ဦးအုံ့မောင်က . . .





"မာလာ,လာတုန်းကလည်း ဒီအခန်းမှာပဲ နေခဲ့တယ်၊ ပန်းချီဆွဲတော့ အပေါ်က အခန်းမှာ ဆွဲတယ်၊ သူ့ပန်းချီကားတချို့ အဲဒီမှာ ရှိတယ်၊ ဘာလုပ်ရမှန်းမသိလို့ ကျုပ်လည်း ဒီအတိုင်းထားထားတယ်"

နောက်မှ တက်ကြည့်တော့မည်ဟု သူတွေးလိုက်သည်။ ခရီးပန်းလာသဖြင့် ခဏလောက်တော့ ကုတင်ပေါ်လှဲနေချင်သေးသည်။ သူ့တစ်ကိုယ်လုံး ခန္ဓာကိုယ်အကြောတွေကို လျှော့ဖြေကာ မျက်စိစုံမှိတ်ထားလိုက်သည်။ သူ့ခန္ဓာကိုယ်က အနားရသွားသော်လည်း သူ့စိတ်တွေက အနားမရ။ သူ့မိန်းမကို ထူးထူးခြားခြား သတိရနေသည်။ သူ့မိန်းမ၏အငွေ့အသက်တွေ ဤအခန်းထဲတွင် ပြန့်နှံ့နေသလို ခံစားနေရ၏။ ယခု သူလှဲနေသော ကုတင်ပေါ်မှာပင် တစ်ခါက သူ့မိန်းမလှဲနေခဲ့သည်။ ဤအခန်းထဲတွင် သူ့မိန်းမ လမ်းလျှောက်နေခဲ့သည်။ ဤအခန်းထဲတွင် သူ့မိန်းမ ပြတင်းပေါက်တွင်ထိုင်ကာ မြူခိုးတွေဝေနေသည့် ကန်ကြီးဆီ ငေးမျှော်ကြည့်နေကောင်း ကြည့်နေပေလိမ့်မည်။

သူ့မျက်စိကိုပိတ်ထားဆဲ အခန်းထဲတွင် ခြေသံတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ဖျတ် ကြားရသည်။ ဒါ သူ့မိန်းမခြေသံပဲ။ သူကောင်းကောင်းသိသည်။ သူက မာလာဦး၏ခြေသံကအစ မှတ်မိနေ၏။ သူ့မိန်းမက လမ်းလျှောက်လျှင် ခြေထောက်ကို အခုလိုပဲ ရှပ်တိုက်ကာ လျှောက်တတ်သည်။ ခြေသံက ပျောက်သွား၏။ သို့သော် ကုတင်ပေါ်တွင် တစ်ယောက်ယောက်က တက်ကာ ဝင်ရောက်လှဲလျောင်းလိုက်သလို အိပ်ယာက သိမ့်ကနဲ လှုပ်သွားတာ သူသိလိုက်သည်။ ပြီးတော့ သူ့နှာခေါင်းထဲတွင် သူ့ဇနီးသုံးနေကျ ရက်ဗလွန်ရေမွှေးနံ့ သင်းပျံ့လာ၏။ သူ့ဇနီး သူ့ဘေးတွင် ရောက်နေတာကို သူ့မျက်လုံးဖွင့်မကြည့်ဘဲ သိနေသည်။

ရုတ်တရက် သူ့ဇနီးအပေါ် လက်လှမ်းတင်လိုက်၏။ သူ့လက်တွေက မွေ့ယာပေါ်သာ ကျရောက်သွားသည်။ သူမျက်လုံးဖွင့်ကြည့်လိုက်သည်။ သူ့ဘေးအိပ်ယာပေါ်တွင် မည်သူမှရှိမနေ။ သို့သော် ရက်ဗလွန်ရေမွှေးနံ့ကတော့ ရနေမြဲဖြစ်၏။ ဤကုတင်ပေါ်တွင် သူ့ဇနီးက ရက်ကြာမြင့်စွာ အိပ်စက်ခဲ့သဖြင့် အနံ့စွဲနေခြင်းလည်း ဖြစ်နိုင်သည်။ သို့သော် သူ့အာရုံက ဤအခန်းထဲတွင် သူ့ဇနီးရောက်နေသည်ဟု ယုံကြည်နေမိပြန်၏။





"မာလာ . . . မင်းရောက်နေလားဟင် . . . မင်းရှိနေလား"

သူရူးသွပ်နေပြီ ထင်သည်။ ဘာတုန့်ပြန်သံမှ မကြားရ။ ကုတင်ဘေးစားပွဲပေါ်တွင် သူနှင့်မာလာ မင်္ဂလာဆောင်စဉ်က တွဲရိုက်ထားသော ဓါတ်ပုံကို stand လေးနှင့် ထောင်ထားသည်။ ဤဓါတ်ပုံကို မာလာသည် သူသွားလေရာ ယူဆောင်သွားတတ်၏။ ဒီလို မိန်းမတစ်ယောက်က သူ့အပေါ် သစ္စာဖောက်ခဲ့သည်ဆိုသည်မှာ ဖြစ်နိုင်ပါ့မလား။ မာလာရခဲ့တဲ့ ကိုယ်ဝန်က ဘယ်သူ့ကိုယ်ဝန်လဲ။

သူ သက်ပြင်းချလိုက်သည်။ အပေါ်ထပ်ကို တက်ခဲ့၏။ မာလာက ထိုအပေါ်ထပ်ကို သူ့ပန်းချီစတူဒီယိုအဖြစ် ပြုလုပ်ထားသည်။ ရေးပြီးသော ပန်းချီကားများ၊ ပြီးတော့ ရေးလက်စ ပန်းချီကားများ၊ များသောအားဖြင့်တော့ ဤမြင်နေရသော မိုးမခကန်ကြီးကိုပင် ရှုထောင့်အမျိုးမျိုးက ရေးခြယ်ထားသည့် ရှုခင်းပုံတွေ ဖြစ်နေသည်။ ရှားရှားပါးပါး လူပုံတူတစ်ခုကို တွေ့ရသည်။ အသက်သုံးဆယ်ခန့်အရွယ် မိန်းမတစ်ယောက်ပုံဖြစ်၏။ နဂိုကတော့ ဤ



www.burmeseclassic.com

www.burmeseclassic.com



ပုံကို မာလာက သူ့ပုံတူ သူရေးထားသည် ထင်လိုက်၏။ သို့သော် တကယ်ကြည့်သောအခါ မာလာနှင့် ဆင်ရုံသာဆင်နေသော တခြားသူတစ်ယောက်ဖြစ်နေတာ သိရသည်။ ဤမိန်းမက ဆံပင်ရှေ့တွင် ထောင်နေသော အမောက်နှင့်။ ပြီးတော့ မျက်ခုံးမွှေးကလည်း သေးသေးလေးဆွဲထားသည်။ ဒီခေတ်မှာက ဘယ်သူမှ ဒီလိုမျက်ခုံးမွှေးမျိုး မထားကြတော့။ ဒါဘယ်သူ့ပုံလဲ။ ဒီမြို့က မိန်းမတစ်ယောက်ယောက်ပုံလား။ တကယ်တော့ မာလာဦးသည် သူစိတ်ပါမှသာ ပန်းချီရေးသည်။ သူ့ကို ပုံတူအပ်သည့်သူ ရှိသော်လည်း ဘယ်လောက်ပေးပေး ရေးလေ့မရှိ။ သူက ဖန်တီးမှုအနုပညာရှင်။ အပ်ထည်လက်ခံသူ မဟုတ်။ သူများရေးခိုင်းတာ မရေးနိုင်။ အခု ဒီပုံကို ဘာကြောင့်ရေးရတာလဲ။

ရုတ်တရက် ထွက်ပေါ်လာသော သီချင်းသံကြောင့် သူ့အာရုံက ပန်းချီကားပေါ်မှ လွှဲဖယ်သွားသည်။ မလှမ်းမကမ်းတွင် ရှေးဟောင်းဓါတ်စက်တစ်ခုရှိနေကာ ထိုဓါတ်စက်ရှိ ဓါတ်ပြားတစ်ချပ်မှ သီချင်းတစ်ပုဒ် ထွက်ပေါ်နေခြင်း ဖြစ်သည်။ ထူးဆန်းတာက ဤအိမ်ပေါ်ထပ်တွင် သူတစ်ယောက်တည်းရှိသည်။ သူမဖွင့်ဘဲ





ဘာကြောင့် ဒီဓါတ်စက်က ပွင့်နေရသနည်း။ သူနည်းနည်းတော့ စိတ်ခြောက်ခြားနေကြောင်း ဝန်ခံရပေမည်။

"မာလာ . . . မင်းရှိနေလား . . . မင်းဖွင့်တာလား"

ဟုအခန်းထဲကို လှည့်ပတ်ကာ အော်မေးလိုက်၏။ ဘာတုန့်ပြန်သံမှ ထွက်ပေါ်မလာ။ သူက ဓါတ်စက်ဆီလျှောက်သွားကာ လည်နေသော ဓါတ်ပြားပေါ်မှ အပ်သွားကို ဖယ်လိုက်၏။ ထွက်ပေါ်နေသော အသံက ပျောက်ကွယ်သွား၏။ ဓါတ်ပြားကတော့ အရှိန်ဖြင့် လည်နေတုန်း။ ကျော်ဇော‌မြတ်က ဓါတ်ပြားကို ကောက်ယူကာ အလယ်တွင်ကပ်ထားသော စာကို ဖတ်လိုက်၏။ ထိုနေရာတွင် အဆိုတော်နှင့် သီချင်းအမည်ကို ရေးထားသည်။

ကန်တော်ရှင်မ

သီဆိုသူ မမြသီ . . . တဲ့။

မမြသီ။ ဒါက ခေတ်ဟောင်းအဆိုတော်တစ်ယောက် ဖြစ်မည်။ ဒေါ်ကြည်အောင်တို့ ဒေါ်မေရှင်တို့နှင့် ခေတ်ပြိုင်။ သို့သော် သူ့သီချင်းတွေကို ကျော်ဇောမြတ်က ကောင်းကောင်းမမှတ်မိ။

"ဘာသီချင်းတွေ နားထောင်နေတာလဲ မောင်ကျော်ဇော"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ကို တက်လာရင်း ဦးအံ့မောင်က မေးလိုက်သည်။

"ကန်တော်ရှင်မ . . . တဲ့"

"ဟုတ်တယ် . . . မင်းဇနီးမာလာရှိတုန်းကတော့ သူက ဒီသီချင်းကို မကြာခဏ ဖွင့်တတ်တော့ ကျုပ်တောင် အလွတ်ရသလို ဖြစ်နေပြီ"

ဦးအံ့မောင်က စားပွဲပေါ်မှ ဓါတ်ပြားအိတ်တစ်အိတ်ကို ဆွဲယူကာ လှန်လှောပြလိုက်သည်။ ထိုဓါတ်ပြားထည့်သော အိတ်ပေါ်တွင် အဆိုတော်ရဲ့ပုံကို ရိုက်နှိပ်ဖော်ပြထား၏။

"အဲဒါ အဆိုတော် မမြသီရဲ့ပုံပဲ"

"ဒါဆို . . ."

ကျော်ဇောမြတ်က နံရံတွင် ချိတ်ထားသော ပန်းချီကားကို လှမ်းကြည့်လိုက်၏။ မျက်ခုံးမွေးသေးသေးနှင့် ခေါင်းပေါ်တွင် အမောင်နှင့်မိန်းမ . . .။

"မာလာက သူ့ပုံကို ပန်းချီရေးခဲ့တာပဲ။ ပြီးတော့ ဒီသီချင်းက ဒီရေကန်ကြီးအကြောင်း ရေးထားတာ မဟုတ်လား၊ မာလာက ဘာလို့ ဒီကိစ္စတွေကို ဒီလောက်စိတ်ဝင်စားရတာလဲ"





"ငါ သေသေချာချာတော့ မပြောတတ်ဘူး၊ ဒါပေမယ့် သူက ဒီကန်ကြီးအကြောင်း ငါ့ကို မေးတယ်၊ မြို့လယ်က စာကြည့်တိုက်မှာလည်း သွားလေ့လာတယ်၊ ငါက သူဟာ ဒီအကြောင်း စာအုပ်တစ်အုပ် ပြုစုချင်နေတယ်လို့တောင် ထင်ခဲ့တယ်"

ကျော်ဇောမြတ်က အတော်ပင် စိတ်ဝင်စားသွားလေသည်။ ဤအတိုင်းဆို ဒီကိစ္စက အလေးအနက်ထားရမယ့် ကိစ္စ ဖြစ်နေလေပြီ။

"ကျွန်တော့်ကို ဒီကန်ကြီးနဲ့ပတ်သက်တာတွေ ပြောပြနိုင်မလား ဦးအံ့မောင်" ဟုမေးလိုက်တော့ . . .

"မင်းသိချင်ရင်တော့ ပြောပြရတာပေါ့၊ ဒါပေမယ့် ဒီကိစ္စတွေက ရှည်ရှည်ဝေးဝေးပြောရမယ်၊ ဒီတော့ တို့တွေ ညစာစားရင်း ပြောကြတာပေါ့ကွာ၊ မင်းဘယ်လိုသဘောရသလဲ"

သူက အခုသိချင်နေသော်လည်း ဦးအံ့မောင်က ဈေးဆစ်၍ ရနိုင်ပုံမပေါ်။ ဒါကြောင့် သူက ညနေကျမှ နားထောင်ရန် သဘောတူလိုက်ရလေတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

* ပျောက်ဆုံးနေသည်ဆိုသော အဆိုတော်မလေးမြသီ။ မြသီက ရေကန်ထဲမှ တစ်လှမ်းချင်း တက်လာနေရာမှ ရေမျက်နှာပြင်ပေါ် ရောက်သွားကာ ရေပြင်ကို မြေပြင်ကဲ့သို့ နင်းလျှောက်လာနေသည်။

## (၃) မရောကန်ကြီးအော်သံ

www.burmeseclassic.com

www.burmeseclassic.com

## (၃) မရဏကန်ကြီးအောင်သံ

ဤကန်ကြီးပတ်ပတ်လည်တွင် မိုးမခပင်များ ပေါက်ရောက်နေသဖြင့် ဤကန်ကြီးကို အလွယ်တကူ မိုးမခကန်ဟု ခေါ်ခဲ့ကြသည်။ သို့သော် လူတွေကတော့ ကန်တော်ရှင်မကန်ဟုသာ အသိအမှတ်များကြသည်။ ဒါက ဤကန်ကြီး၏ရာဇဝင်နှင့် ပတ်သက်နေသည်။

ရှေးမြန်မာဘုရင်များ လက်ထက်က ဤကန်ကြီးကိုတူးရာ ရေမထွက်။ ဘုရင့်အမိန့်ဖြင့် တူးဖော်ရခြင်းဖြစ်ရာ မအောင်မြင်ပါက မြို့ဝန်မှာ အပြစ်ပေးခံရမည့် အခြေအနေရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်သမီးဖြစ်သူမှာ အဖေဒုက္ခအတွက် ကူညီရန် နတ်များထံ ဆုပန်သည်။ ဒီတော့ သူသည် အိပ်မက်မြင်မက်၏။ အိပ်မက်အရ ဆိုသော် ဤရေကန်အောင်မြင်ဖို့အတွက် သူ့အသက်ကို စတေးရမည်ဟုဆိုသည်။ ဤအတိုင်းပြုလုပ်ရန် အဖေကို တောင်းဆို၏။ နောက်ဆုံးတော့ သူ့သမီး၏ဆန္ဒကို မလွန်ဆန်နိုင်။ သူ့တွင်လည်း ရွေးချယ်စရာလမ်းမရှိသဖြင့် သမီးကို စတေးခဲ့ရလေသည်။ ဒီတော့မှ ဤရေကန်လည်း အောင်မြင်၏။

သမီးဖြစ်သူသည် နတ်စိမ်းဖြစ်ကာ ဤရေကန်တွင် စောင့်နေရပါသည်ဟု အိပ်မက်လေသည်။ ထို့ကြောင့် အဖေဖြစ်သူမြို့ဝန်မင်းက ကန်အနီးတွင် နတ်ကွန်းဆောက်ထားပေးသည်။ နှစ်စဉ်နှစ်တိုင်းလည်း ကန်တော်ရှင်မကို ပူဇော်ပွဲဟူ၍ ဤကန်တဝိုက်တွင် ပျော်ပွဲရွှင်ပွဲကျင်းပလေ့ရှိလေသည်။

ဤကန်သည် နတ်ကြီးသည်ဟု ကြောက်ရွံ့ကြသည်။ ကန်အနီးတွင် ကျင်ကြီးကျင်ငယ်မစွန့်ကြ။ ကန်အနီးတွင် မဖွယ်မရာ အပြောအဆို၊ မဖွယ်မရာ အပြုအမူမျိုး ပြုလေ့မရှိကြ။ ပြုသော် ကန်တော်ရှင်မ၏ဒဏ်ခတ်ခံရကာ အသေဆိုးဖြင့် သေကြ





ရသည်ဟု ပြောစမှတ်ပြုကြ၏။ ကျော်ဇောမြတ်က ဦးအံ့မောင် ပြောသမျှ နားထောင်ပြီး . . .

"အဲဒါတွေက ဒဏ္ဍာရီမဟုတ်ဘူးလား ဦးအံ့မောင်"

"ဒါတော့ တို့လည်း မသိဘူးလေ၊ လူကြီးတွေ အဆက်ဆက် လက်ဆင့်ကမ်းပြီး ပြောလာခဲ့ကြတာပဲ၊ ဒီကန်ကြီးတူးတာ ဘယ်ဗမာဘုရင်လက်ထက်ရယ်လို့ မှတ်တမ်းမှတ်ရာတော့ ရှိတာ မဟုတ်ဘူးပေါ့၊ နောက်လူတွေ ခေါ်ကြတာ ရှိသေးတယ်"

"ဘာလဲ . . ."

"မရဏကန်တဲ့"

"ဗျာ . . . မရဏကန် . . . ဟုတ်လား"

"ဟုတ်တယ် . . . ဒီကန်ကြီးက အနည်းဆုံးတစ်နှစ်တစ်ခါတော့ လူစားတတ်တယ်၊ ကန်ထဲ ရေဆင်းကူးရင်း သေတာ၊ လှေမှောက်လို့ သေတာတွေ မနည်းဘူး၊ အဲသလို လူစားတော့မယ်ဆို ကန်ကြီးက အော်တယ်တဲ့"

သူကြားရတာတွေက အထူးအဆန်းတွေချည်း ဖြစ်သည်။

"ကန်က ဘယ်လိုလုပ်အော်တာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အသံကြီးမြည်နေတာပေါ့ကွ၊ အနီးအနားက လူတွေ၊ ဖြတ်သွားဖြတ်လာတွေ ကြားကြရတယ်၊ အဲဒါဆို ကန်ကြီးကို ဝေးဝေးက ရှောင်ပေတော့တဲ့၊ ကန်ကြီးကလည်း လူစားတော့တာပဲ၊ ဒါကြောင့် မရဏကန်လို့ ခေါ်တာပေါ့"

သူတို့နှစ်ယောက်သည် အိမ်ပေါ်ထပ်ဝရံတာတွင် ထိုင်ကာ စကားပြောနေခြင်းဖြစ်သဖြင့် ကန်ကြီးကို အပေါ်စီးမှ ကောင်းစွာမြင်နေရ၏။ ကန်ကြီး၏ရေပြင်မှာ လှိုင်းကြက်ခွပ်ကလေးတွေက လွဲ၍ ဘာမှမရှိ။ ပကတိ ငြိမ်သက်အေးချမ်းနေသည်။ ဦးအံ့မောင်က . . .

"မင်း ခုနဖွင့်ခဲ့တဲ့ သီချင်းက ဒီကန်ကြီးအကြောင်းရေးထားတဲ့ သီချင်းပဲ၊ အဲဒီအထဲမှာ သမီးဖြစ်တဲ့သူကို စတေးခဲ့တဲ့ အဖေအကြောင်း အပြစ်တင်တာတွေ ပါသေးတယ်၊ ထူးခြားတာ တစ်ခုက ဒီသီချင်းဆိုခဲ့တဲ့ အဆိုတော်မမြသီပဲ"

"သူက ဘာဖြစ်လို့လဲ"

"မင်း မမွေးသေးဘူး၊ ငါတို့တောင် ကလေးဘဝပဲ ရှိသေးတယ်၊ ဒီမြို့မှာ ကန်တော်ရှင်မပွဲတော်လုပ်တယ်၊ မမြသီက ဂီတ





အဖွဲ့တစ်ခုနဲ့ ပါလာပြီး သီချင်းဆိုတယ်၊ သူ့ရဲ့ဒီကန်တော်ရှင်မ သီချင်းက လူကြိုက်များနေတဲ့အချိန်ကိုး၊ ဓါတ်ပြားလည်း ထွက်ထားတယ်၊ မမြသီက အဆိုသာကောင်းတာ မဟုတ်ဘူး၊ ရုပ်ကလေးကလည်း ချောတယ်"

ဦးအံ့မောင်က စကားကို ခေတ္တရပ်ကာ သူ့ဆေးတံကို မီးညှိနေသဖြင့် ကျော်ဇေမြတ်သည် သည်းခံစောင့်ကာ နားထောင်နေရသည်။

"ထူးခြားတာ အဲဒီညမှာ မမြသီပျောက်သွားတယ်"

"ဗျာ . . ."

"ဟုတ်တယ် . . . ထူးထူးခြားခြား ပျောက်သွားတာ၊ မြေမျိုလိုက်သလို ပျောက်သွားတာ၊ သူ့ကို ဘယ်လိုမှ ရှာမတွေ့တော့ဘူး"

"ခုအချိန်အထိလား"

"ဟုတ်တယ် . . ."

"ကန်ထဲဆင်းကြည့်ရင်း မတော်တဆ ရေနစ်သေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်လည်း ပုတ်ရင်ပေါ် လာရမှာပေါ့၊ မြို့လူထုက လည်း နာမည်ပျက်မခံချင်လို့ ကြိုးစားရှာကြတယ်၊ ရေငုတ်သမား ငှားပြီးတောင် ကန်ရေပြင်အောက် ဆင်းရှာတယ်၊ ဘာမှမတွေ့ဘူး၊ တစ်ခုတော့ရှိတယ်၊ အဲဒီမတိုင်မှီညက ကန်ကြီးအော်တာကို လူ တချို့က ကြားခဲ့ရတယ်တဲ့"

ကျွန်တော်တို့နိုင်ငံက တခြားနိုင်ငံတွေထက် ထူးခြားသည် ဟု ဆိုလေမလား။ ဒီလို သဘာဝလွန်ဖြစ်ရပ်ဆန်းတွေ ပြည့်နှက် နေသော အရပ်ဖြစ်သည်။ သင်သာ နားထောင်ချင်မည်ဆိုလျှင် အနယ်နယ်၊ အရပ်ရပ်မှ အကြောင်းတွေကို နားမဆန့်အောင် ကြား ရနိုင်ပေသည်။

"နောက် . . . ထူးထူးခြားခြား ဖြစ်ခဲ့တာတွေလည်း ရှိ သေးတယ်၊ ပြောရရင် ဆုံးမှာမဟုတ်ဘူး"

သူက ဆက်နားထောင်ချင်သေးသော်လည်း စကားပြော ရတာ စိတ်ကုန်သွားဟန်ဖြင့် ဦးအုံ့မောင်က နေရာမှထကာ ထွက် သွားသည်။ သူက စာရေးစားပွဲကို လျှောက်သွားကာ စာရေးနိုင် ရန် ကြိုးစားသည်။ မနက်ကပင် ရန်ကုန်မှ ဇော်ဇော်ဦးက ဖုန်း





ဆက်သေး၏။ 'မင်းဝတ္ထုအသစ် ရေးနေပြီလား' ဟု။ တော်တော် ထုတ်ဝေသူပီသသည့် သူငယ်ချင်းဖြစ်၏။ 'မင်း ဘာတွေလုပ်နေ တာလဲ၊ စာပြန်ပြန်စ,ရေးတော့လေ' ဟု တိုက်တွန်း၏။ သူလည်း အခုတော့ စိတ်ကူးရသည်။ ဤမရဏကန်ကြီးကို အခြေခံကာ လှို့ ဝှက်ဆန်းကြယ်ဝတ္ထုတစ်ပုဒ်ရေးရလျှင် ကောင်းမည်။ ဒီအထဲတွင် ကန်တော်ရှင်မအကြောင်းလည်း ပါမည်။ ပြီးတော့ မမြသီအကြောင်း လည်း ပါမည်။ စိတ်ဝင်စားစရာကောင်းအောင် ဤအချက်အလက် များကို ဘယ်လိုဇာတ်ကွက်ဆင်မည်နည်း။

သူစိတ်ကူးသာ ရှိသည်။ တကယ်တမ်းကျတော့ လက်က ချမရေးနိုင်။ ထိုင်ရာက ထလိုက်ရသည်။ ရေဆာနေသဖြင့် ရေခဲ သေတ္တာဆီ လျှောက်သွားသည်။ ရေခဲသေတ္တာတံခါးပေါ်တွင် ကပ် ထားသော အင်္ဂလိပ်အက္ခရာ သံလိုက်စာလုံးကလေးများကို တွေ့ရ သည်။ အေဘီစီဒီစာလုံးများ ဖြစ်သည်။ သူက ပြုံးလိုက်မိ၏။ ဒါက လည်း မာလာဦးလက်ချက် ဖြစ်သည်။ ဤနေရာတွင် သူက ကလေးဆန်သည်။ စတိုးဆိုင်များ၊ မီနီမတ်ကက်များသွားရင်း ဒီလို ရေခဲသေတ္တာတံခါးပေါ်ကပ်ရသည့် သံလိုက်ရုပ်ကလေးများတွေ့



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဝယ်လာကာ၊ ကပ်ထားတတ်၏။ အင်္ဂလိပ်အက္ခရာများက အစီအစဉ်တကျ မဟုတ်။ ပြန့်ကျဲနေသည်။ သူက ရေခဲသေတ္တာ တံခါးကို ဆွဲဖွင့်ကာ အထဲမှ ကုတ် (ကိုကာကိုလာ) တစ်ဗူးယူလိုက်သည်။ ပြီးတော့ တံခါးကို ပြန်ပိတ်လိုက်၏။ တံခါးပေါ် သူမျက်စိတွေ မထင်မှတ်ဘဲ ရောက်သွားသည်။ သူနောက်ကို လန့်ဆုတ်လိုက်မိ၏။

ရေခဲသေတ္တာတံခါးပေါ်တွင် . . .

I LOVE YOU

ဆိုသော စာလုံးကို အသေအချာ စီလျက်သား မြင်လိုက်ရသောကြောင့် ဖြစ်သည်။ ဤစကားတွေက မာလာဦး သူ့ကို မကြာခဏ ပြောတတ်သော စကားတွေ ဖြစ်သည်။ ခုနသူကြည့်လိုက်စဉ်က ဒီဝါကျမရှိ။ အခုမှ ဘာကြောင့်ပေါ်လာရတာလဲ။

"မာလာ . . . မင်းရှိနေလား၊ မင်းရောက်နေလားဟင်"

သူ မေးမိပြန်၏။ ဘာသံမှမကြား။ သူစိတ်ညစ်ညစ်နှင့် အရက်သောက်ကာ အိပ်လိုက်သည်။ သူ့အခန်းထဲတွင် ခြေသံတဖျက်ဖျက် ကြားရသည်။ သူထကြည့်လိုက်သည်။ ရေစိုနေသော





ခြေရာတွေသာ ကြမ်းပြင်ပေါ်တွင် တွေ့ရသည်။ သူ့မိန်းမကွယ်လွန်စဉ်က မိုးရွာနေသော လမ်းမပေါ်လဲကျနေသည်။ သူဆောင်းထားသည့်ထီးက အဝေးသို့ လွင့်စင်သွားပြီဖြစ်သဖြင့် သူ့ကစ်ကိုယ်လုံး ရေတွေဖြင့် စိုစိုရွှဲ၍နေလေသည်။

"မာလာ . . . မင်းရှိနေသလား၊ မင်းရှိနေသလား"

သူက အပေါ်ထပ်သို့ ရောက်သွားသည်။ အပေါ်ထပ်က စတူဒီယိုခန်းမထဲမှာ ဓါတ်စက်က ပွင့်နေပြန်သည်။ ဓါတ်စက်က ဖွင့်နေသော သီချင်းက မမြသီဆိုထားသည့် ကန်တော်ရှင်မသီချင်း။

အပြင်တွင် လရောင်သာနေသည်။ မှန်ပြတင်းကို ဖောက်ထွင်း၍ လရောင်အောက်တွင် ရပ်နေသော မိန်းမတစ်ယောက်ကို တွေ့ရသည်။ သူက ပြတင်းပေါက်ကိုဖွင့်ကာ ကြည့်လိုက်တော့ ထိုမိန်းမက ခြံဝန်းထဲက ထွက်ပြေးသွား၏။

"မာလာ . . . မာလာရေ . . . မပြေးပါနဲ့"

သူက အိမ်ပေါ်ထပ်က ပြေးဆင်းလာခဲ့သည်။ ပြီးတော့ ခြံထဲမှ ထွက်ပြေးသွားသော မိန်းမနောက်လိုက်ခဲ့သည်။ ကန်ဘောင်ပတ်ပတ်လည် မိုးမခပင်အုပ်များအကြား ထိုမိန်းမက ကွေ့ကောက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးနေ၏။ ပြေးလွှားသည်မှာ မြန်လွန်းသဖြင့် ရိပ်ကနဲ ရိပ်ကနဲသာ မြင်ရသည်။

ကန်စပ်နားမှာပင် ပျောက်၍သွားသည်။ သူက လှည့်ပတ်ရှာနေမိ၏။ သူရုတ်တရက် တွေ့လိုက်ရတာက မိုးမခပင်ကြီးတစ်ပင်။ ဤသစ်ပင်က မိန်းမတစ်ယောက် လက်နှစ်ဖက်မြှောက်ကာ က,နေတာနှင့် အတော်ပင် တူ၏။ မိန်းမတစ်ယောက် ခန္ဓာကိုယ်အချိုးအစားအတိုင်း ဖုထစ်ဖောင်းကြွသင့်သော နေရာက ဖုထစ်ဖောင်းကြွနေလေရာ မသိလျှင် သစ်သားပန်းပုရုပ်တစ်ရုပ်သဖွယ်ပင် ထင်မှတ်ရသည်။

ထိုအခိုက်မှာပင် ကန်တော်ရှင်မသီချင်းဆိုသံ ကြားလိုက်ရ၏။ ဒီတစ်ခါကြားရတာက ဓါတ်ပြားဖွင့်ရာမှ ထွက်ပေါ်လာသည့်အသံမျိုးမဟုတ်။ လူကိုယ်တိုင်ဆိုနေသော နောက်ခံတီးလုံးမပါသည့် အသံ။ သူလှည့်ကြည့်လိုက်တော့ နက်မှောင်သော ကန်ရေပြင်ထဲမှ တက်လာနေသော မိန်းမတစ်ယောက်ကို မြင်ရသည်။ လရောင်က ထွန်းလင်းနေသဖြင့် ကောင်းစွာ ရုပ်ရည်ကို ခွဲခြားနိုင်၏။ သူတွေ့လိုက်ရတာက မမြသီဖြစ်နေလေသည်။ ပျောက်ဆုံးနေ





သည်ဆိုသော အဆိုတော်မမြသီ။ မမြသီက ရေကန်ထဲမှ တစ်လှမ်းချင်း တက်လာနေရာမှ ရေပြင်ပေါ် ရောက်သွားကာ ရေပြင်တွင် မြေပြင်ကဲ့သို့ ခြေလှမ်းလာနေသည်။

ပြီးတော့ ကန်စပ်တွင် ရပ်နေသော သူ့ဆီသို့ တစ်လှမ်းချင်း ချဉ်းကပ်လာ၏။ အနားရောက်တော့ ကြည့်နေရင်း မမြသီက မာလာဦးရုပ်ရည် ပြောင်းသွား၏။ နဂိုကတည်းက သူတို့နှစ်ယောက်ရဲ့ရုပ်တွေက ခပ်ဆင်ဆင်။ ဒါကြောင့် မှောင်ထဲမှာ သူအထင်မှားမိခြင်း ဖြစ်သည်။ သူက မာလာဦးကို ပွေ့ဖက်လိုက်၏။

"ကျွန်မကို ကယ်ပါ"

မာလာဦးပြောလိုက်သော အသံက မာလာဦးအသံမဟုတ်တော့။ သူက လူချင်းခွာကာ ကြည့်လိုက်သည်။ မာလာဦးမျက်နှာက မာလာဦးမျက်နှာမဟုတ်တော့။ မမြသီ၏ မျက်နှာပြန်ဖြစ်နေသည်။ ပြီးတော့ ထိုမျက်နှာကြီးက ကြောက်စရာအသွင်ပြောင်းသွားပြန်သည်။ ပုတ်ပွဆွေးမြေ့နေသော မျက်နှာကြီး . . .။

သူလန့်နိုးလာသည်။ သူအိပ်မက်ဆိုးတစ်ခု မြင်မက်နေခြင်းပင် ဖြစ်သည်။ သူလည်ချောင်းတွေ အက်ကွဲခြောက်သွေ့နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြောက်စရာအိပ်မက်မက်တိုင်း ထိုကဲ့သို့ ခံစားရမြဲဖြစ်သည်။ သူက ရေအေးအေးတစ်ခွက်ကို သောက်ချင်သဖြင့် ရေခဲသေတ္တာဆီ လျှောက်သွားခဲ့သည်။ ရေခဲသေတ္တာကို ဖွင့်မည်ပြင်စဉ် တံခါးပေါ်တွင် ရေးထားသော စာတန်းကြောင့် အံ့ဩတုန်လှုပ်သွားပြန်သည်။

မညီမညာစုဝေးကာ ကပ်ထားသည့် အင်္ဂလိပ်စာလုံးအုပ်စုထဲမှ စာလုံးတစ်ချို့က ခွဲထွက်ကာ စာတန်းတစ်ခု ဒါမှမဟုတ် ဝေါဟာရတစ်ခုအဖြစ် ဖော်ညွှန်းနေ၏။

"HELP ME" တဲ့။

ကျွန်မကို ကူညီပါပေါ့။ အိပ်မက်ထဲတွင် သူ့ကို မမြဲသီ ပြောခဲ့သည့် စကားကို သူပြန်ကြားယောင်လာသည်။ ဒီစကားအတိုင်းပါပဲ။ ကျွန်မကို ကူညီပါတဲ့။

ဘယ်လိုကူညီရမှာလဲ။ သူနားမလည်နိုင်တော့။

* * * *

နောက်တစ်နေ့တွင် သူမြို့ထဲသို့ ကားကလေးနှင့် ထွက်





ခဲ့သည်။ လိုအပ်သော ပစ္စည်းတချို့ဝယ်ယူရန်နှင့် သတင်းစကားစနည်းနာရန် ဖြစ်သည်။ မြို့လယ်သို့ သူဝင်ရောက်လာကာ ဈေးအနီးလမ်းဘေးတစ်နေရာတွင် ကားကို ရပ်လိုက်၏။ ကားပေါ်က အဆင်းတွင် သူကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ကောင်မလေးက ရှစ်နှစ်ကိုးနှစ်အရွယ်သာ ရှိဦးမည်။ ဆံပင်ကောက်ကောက်နှင့် ဂါဝန်နီနီကလေးကို ဝတ်ဆင်ထား၏။ အသားဖြူဖြူနှင့် ချစ်စဖွယ်ရုပ်ရည်ရှိသည်။ အဲဒီကောင်မလေးက ကားလမ်းအလယ်တွင် ရေးဆွဲထားသော မျဉ်းကြောင်းအတိုင်း လမ်းလျှောက်နေ၏။ ကလေးတို့သဘာဝ ဆော့ကစားခြင်း ဖြစ်ပုံရသော်လည်း အရွယ်မရောက်သေးသူတစ်ယောက် လမ်းအလယ်ခေါင်မှ လမ်းလျှောက်နေသည်မှာ အန္တရာယ်များလှသည်။ ထိုစဉ်မှာပင် အဝေးက မောင်းနှင်လာသော ကားတစ်စီးကို တွေ့လိုက်ရ၏။ သူရင်ထိတ်သွားသည်။ သူ့မိန်းမ ကားတိုက်ခံရပုံ မျက်လုံးထဲတွင် ပြန်လည်မြင်ယောင်လာသည်။ ထို့ကြောင့် ကလေးဆီအပြေးထွက်သွားကာ ကောက်ချီလိုက်မိ၏။ ကားက ဘေးမှအရှိန်ဖြင့် ဖြတ်မောင်းသွားသည်။ သူက ကလေးကို အချိန်မှီမ,ချီနိုင်လျှင် ကလေးက



www.burmeseclassic.com

www.burmeseclassic.com



တိုက်မိကောင်း တိုက်မိနိုင်သည်။

ကျော်ဇေမြတ်က ကလေးကို ဘေးလွတ်ရာ လမ်းဘေးသို့ချီကာ ခေါ်လာခဲ့၏။ ဘေးလူတွေက အလန့်တကြား ဩဘာပေးကြ၏။ ယိုအသံတွေကြောင့် ထင်သည်။ အနီးရှိ စတိုးဆိုင်ကလေးအတွင်းမှ ကလေးအမေဖြစ်ဟန်တူသော အသက် ၃၀ ခန့် မိန်းမတစ်ဦး ပြေးထွက်လာသည်။

"သမီး . . . သူဇာ . . . ဘာဖြစ်တာလဲ"

အကြောင်းစုံသိတော့ ကျော်ဇေမြတ်ကို ကျေးဇူးတင်စကားပြော၏။

"ကျွန်မက ဝယ်သူကျနေတာနဲ့ ခဏလေး ကေသီ သတိလက်လွတ်ဖြစ်သွားတာ ကံကြီးပေလို့ပဲ၊ ကျေးဇူးတင်ပါတယ် . . . ကျွန်မနာမည်က ချောကေသီပါ"

ကလေးကို ဒီလိုလွှတ်ထားရမလားဟု မိဘဖြစ်သူကို အပြစ်တင်ရန် ပထမစိတ်ကူးထားသော်လည်း ထိုမိန်းကလေးကို မြင်ရသောအခါ သူစိတ်ပြောင်းသွားသည်။ မိန်းကလေးက အပိုကရိုဖြင့်ပင် လှပနေသည်။ ပြီးတော့ သမီးကလေးကိုလည်း သိပ်





ချစ်ပုံရ၏။

"ကျွန်တော့်နာမည်က ကျော်ဇေမြတ်ပါ"

"ကျွန်မသိပါတယ်၊ ရှင့်ဝတ္ထုတွေကိုလည်း ကောင်းကောင်းဖတ်ဖူးတယ်၊ ဒီမြို့ကလေးက သေးသေးလေးဆိုတော့ လူစိမ်းတစ်ယောက်ရောက်တယ်ဆိုရင် တစ်မြို့လုံးက လူတွေက ချက်ချင်းသိကြတာပါပဲ၊ ရှင့်ဇနီးဆုံးသွားတာလည်း ကြားရတယ်၊ စိတ်မကောင်းပါဘူး"

ကျော်ဇေမြတ်က စိတ်ဝင်စားသွားသည်။

"ခင်ဗျားက မာလာကို သိသလား"

"လူချင်းမသိပါဘူး၊ သူက တစ်ခါတလေ ကျွန်မဆိုင်မှာ ဈေးဝယ်တတ်တယ်လေ၊ သူက မိန်းမချောတစ်ယောက်ပါပဲ၊ သူ့ကို ဒီမြို့က လူတွေကလည်း ချစ်ကြတယ်"

"သူနဲ့တွဲနေတဲ့ သူတွေသိသလားဟင်"

"ရှင် . . ."

သူ့မေးခွန်းကို ရုတ်တရက် နားလည်ဟန်မတူ။

"ခင်ဗျားတို့သားအမိကို ကျွန်တော်ထမင်းဖိတ်ကျွေးချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ညနေကျရင် လာခဲ့ပါလား"

"ရှင် . . . မိုးမခကန်ကြီးရှိတဲ့ နေရာကိုလား"

"မဟုတ်ပါဘူး . . . ကျွန်တော့်အိမ်ကိုပါ"

"အတူတူပဲလေ၊ ရှင့်အိမ်က ဒီကန်ကြီးဘေးမှာ ရှိနေတာပဲ၊ မဖြစ်နိုင်ပါဘူးရှင် . . . ကျွန်မတို့ အဲဒီကို မလာချင်ဘူး"

ဘာတွေဖြစ်နေတာလဲ သူနားမလည်။ လူတွေက ဒီရေကန်ကြီးကို ဒီလောက်ကြောက်ရသလား။

"အဲဒီကန်ကြီးကို ဒီကလူတွေက မရဏကန်ကြီးလို့ ခေါ်ကြတယ်၊ မနေ့ညက အဲဒီကန်ကြီးဆီက အော်သံတွေ ကြားတယ်လို့ တချို့က ပြောကြတယ်"

"မဟုတ်တာ . . . ကျွန်တော်က ကန်ဘေးမှာ နေတာပဲ၊ ဘာသံမှ မကြားရပါဘူး"

"ရှင့်အိပ်ပျော်နေလို့ ဖြစ်မှာပေါ့၊ ဒီကန်ကြီးက အဲဒါလူစားချင်လို့ အော်တာ၊ ကဲ . . . ကလေးရှေ့မှာ ပြောလို့ မကောင်းဘူး၊ ရှင်လာချင်တယ်ဆို ကျွန်မတို့အိမ်ကို လာခဲ့ပါ၊ အိမ်က ဒီစတိုးဆိုင်နောက်မှာပဲ၊ ဆိုင်က (၅) နာရီဆို ပိတ်ပါပြီ၊ သမီးလေးအသက်





ကို ကယ်တဲ့အတွက် ရှင့်ကို ထမင်းကျွေးချင်ပါတယ်"

ကျော်ဇောမြတ်က လက်ခံလိုက်လေသည်။ သူ့ဇနီးအကြောင်း တစ်စုံတစ်ရာ သိနိုင်သည်။ ပြီးတော့ ဒီမိန်းမကိုယ်တိုင်က စိတ်ဝင်စားစရာ ကောင်းနေလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

* ကိုဘသော်မျက်နှာမှာ သရဲစီးနေဘိသကဲ့သို့ လူရုပ်ပျောက်နေသလိုလို ထင်စရာဖြစ်နေ၏။ ကေသီ ဘာမှစဉ်းစားမနေနိုင်တော့။ အနားတွင် ရှိနေသော ပေါင်မုန့်လှီးသည့်ဓါးကို ကောက်ကိုင်ကာ . . .

## (၄) ခြောက်ခြားဖွယ်ရာအတိတ်

www.burmeseclassic.com

www.burmeseclassic.com

# (၄) ခြောက်ခြားဖွယ်ရာအတိတ်

တံခါးခေါက်သံကြားရသော အချိန်၌ ကျော်ဇောမြတ်သည် ချိန်းဆိုထားသည့်အတိုင်း ချောကေသီတို့အိမ်ကိုသွားရန် ပြင်ဆင်နေချိန်ဖြစ်သည်။ ဤလိုအချိန်၌ သူ့ဆီကို ဘယ်လိုဧည့်သည်မျိုးက ရောက်လာရသနည်း။ အတွေးရခက်လှသည်။ သူက တံခါးသွားဖွင့်ပေးလိုက်တော့ တံခါးဝတွင် ရပ်နေသော ထောင်ထောင်မောင်းမောင်းနှင့် လူတစ်ဦးကို တွေ့ရ၏။ မျက်နှာက ကြမ်းကြမ်းတမ်းတမ်း၊ မေးရိုးကားကား၊ ဆံပင်တိုတို။ သူက သူ့မျက်ပေါက်ကျဉ်းကျဉ်းကလေးဖြင့် ကျော်ဇောမြတ်ကို စိုက်ကြည့်ကာ-



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို သတိပေးစရာတစ်ခုရှိလို့ လာခဲ့တာ"

"ဘာများလဲ . . ."

"ချောကေသီဆိုတဲ့ အမျိုးသမီးနဲ့ ခင်ဗျားဝေးဝေးနေဖို့ လာသတိပေးတာ"

"ဘာကြောင့်လဲ . . ."

"အဲဒါကို ခင်ဗျားသိဖို့ မလိုဘူး"

"ဒါဆိုရင် ခင်ဗျားသတိပေးစကားကိုလည်း ကျွန်တော်က လိုက်နာဖို့ မလိုဘူး"

ကျော်ဇောမြတ်က ကျွဲမြီးတိုလာကာ ခပ်မာမာ တုန့်ပြန်လိုက်၏။

"ဒီမိန်းကလေးက ကိုယ့်ယောက်ျားကို သတ်ဖို့ကြိုးစားခဲ့တဲ့သူဗျ၊ မိန်းမကောင်းလေးလို့ မှတ်မနေနဲ့၊ ခင်ဗျားကို သတိပေးစကားသွားပြောပါလို့ ကျုပ်သူဌေးက ပြောလို့ လာပြောရတာ"

"ခင်ဗျားသူဌေးဆိုတာ ဘယ်သူလဲ"

"ဦးဘမော်လေ . . ."

သူက ခေါင်းကို ရမ်းခါပြလိုက်သည်။ ဦးဘမော်တဲ့။





"ကျွန်တော် မကြားဖူးဘူး"

"ဒီမြို့မှာ ဦးဘမော်က အချမ်းသာဆုံး၊ သူ့ကိုမသိတဲ့လူလည်း မရှိဘူး၊ သူ့စကားကို ပယ်ရှားဝံ့တဲ့လူလည်း မရှိဘူး"

"ခင်ဗျား ကျုပ်ကို ခြိမ်းခြောက်နေတာလား၊ ဒါဥပဒေမဲ့နိုင်ငံမဟုတ်ဘူး"

သူဒေါပွနေမှန်းသိသဖြင့် ထိုလူက ပြန်ထွက်သွားသည်။ ခြံဝတွင် ကားတစ်စီးရပ်ထားတာ တွေ့ရ၏။ ထိုကားဖြင့်ပင် မောင်းနှင်ထွက်ခွာသွားသည်။ သူ့ဆီကို ခြံထဲမှ ဦးအံ့မောင်က လျှောက်လာရင်း . . .

"ရဲဒင်က ဘာလာလုပ်တာလဲ"

"ခုနလူနာမည်က ရဲဒင်လား"

"ဟုတ်တယ် . . . ဦးဘမော်ရဲ့ တပည့်ရင်းပဲ၊ ဒီကောင်ကြီးက ဦးကျောက်ရှိတဲ့ကောင် မဟုတ်ဘူး၊ ဦးဘမော်က သေဆိုသေ၊ ရှင်ဆိုရှင်တဲ့ လူစားမျိုးပေါ့၊ အန္တရာယ်တော့ များတယ်၊ သတိထားဆက်ဆံပါ၊ သူက ဘာလာလုပ်တာလဲ"

"ချောကေသီနဲ့ ဝေးဝေးနေဖို့ ပြောတာ၊ ဒီအဘိုးကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချောကေသီနဲ့ ဘယ်လိုပတ်သက်တာလဲ"

သူတို့နှစ်ဦးအကြား ဆက်သွယ်မှုတစ်စုံတစ်ရာ ရှိရမည်ဟုတွေးကာ ကျော်ဇောမြတ်က မေးလိုက်ခြင်း ဖြစ်သည်။ သူ့အတွေးက မမှား။

"ချောကေသီက ဦးဘမော်ရဲ့ချွေးမလေ"

ဒီလောက်ပဲ ပြောသည်။ စကားကို ဆုံးအောင်မပြောဘဲ သူ့ထုံးစံအတိုင်း ဦးအုံ့မောင်က အနားက ထွက်ခွာသွား၏။ ဒီလူကြီးက စိတ်မပါဘူးဆိုလျှင် မေးသော်လည်း ပြောမည့်သူမဟုတ်။

သူ့ကားကလေးကို မောင်းကာ ချောကေသီတို့အိမ်ကို ထွက်လာခဲ့သည်။ မှောင်ရီပျိုးစပြုပြီ။ လမ်းမီးတွေ လင်းနေ၏။ စတိုးဆိုင်ကလေးက ပိတ်ထားလေသည်။ ဆိုင်နောက်တွင် သပ်သပ်ရပ်ရပ် တစ်ထပ်အိမ်ကလေးတစ်လုံးရှိ၏။ ခြံရှေ့တွင် ကစားနေသော သူဇာလေးက သူ့ကိုစမြင်ကာ အိမ်ထဲကို လှမ်းအော်သည်။

"အမေရေ . . . အန်ကယ်ရောက်လာပြီ"

အိမ်ထဲက ကေသီက ထွက်လာကာ ကြိုသည်။

"စားဖို့ အဆင်သင့်ပဲ၊ စားတော့မလား"





"ခဏနေတော့ စားတာပေါ့"

သူတို့ ဧည့်ခန်းထဲက ဆိုဖါများတွင် ထိုင်ကြသည်။ နှစ်ယောက်ထိုင်ဆိုဖာတစ်လုံးတွင် ကေသီနှင့် သူဇာတို့က အတူတူထိုင်ရင်း ကေသီက . . .

"လွတ်လွတ်လပ်လပ် သက်သာသလို နေနိုင်ပါတယ်"

ဟုပြောသဖြင့် အိမ်ကို လှည့်ပတ်ကြည့်ရင်း . . .

"ကလေးတွေ အဖေရော၊ စပ်စုသလို မထင်ပါနဲ့"

ဟု ကျော်ဇောမြတ်က မေးလိုက်၏။ ကေသီက ပြုံးကာ-

"လူစိမ်းတစ်ယောက်အတွက်တော့ သိဖို့လိုအပ်တာပေါ့။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်က သူ့အဖေနဲ့ ကျွန်မတို့ ကွာရှင်းလိုက်ကြတယ်"

ဘာကြောင့်လဲဟု သူက ဆက်မမေးမိတော့။ ရဲဒင်ဆိုသူ ပြောသွားသော စကားကို ပြန်အမှတ်ရလာ၏။

ဒီမိန်းကလေးက ကိုယ့်ယောကျ်ားကို သတ်ဖို့ကြိုးစားခဲ့တဲ့သူဗျ၊ မိန်းမကောင်းလေးလို့ မှတ်မနေနဲ့ . . . တဲ့။

သူ့ယောကျ်ားဘယ်ရောက်သွားသလဲ။ သေဆုံးခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဟုတ်ဟန်မတူ။ သူဇာကလေးက အနီးတွင် ထိုင်နေရတာ ပျင်းဟန်တူ၏။

"သမီးဗိုက်ဆာတယ်" ဟုအော်သည်။ ကျော်ဇေမြတ်က-

"ကလေးဗိုက်ဆာရင်လည်း စားကြတာပေါ့"

ဟု သဘောတူလိုက်၏။ သူတို့ ထမင်းစားခန်းသို့ကူးကာ ထမင်းစားပွဲခုံတွင် ထိုင်ကြသည်။ ကေသီက တော်တော်ပင် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားတာ တွေ့ရ၏။ ဆိုင်ထမင်းဆိုင်ဟင်း စားနေရသော ကျော်ဇေမြတ်အတွက်တော့ ခံတွင်းတွေ့ဖွယ် ထမင်းဝိုင်းပင် ဖြစ်၏။ ဒါကြောင့် စကားသိပ်မပြောဘဲ တော်တော်များများ စားလိုက်မိ၏။

"ဧည့်သည်က အစားကြီးလို့ လန့်သွားလား"

"ကျွန်မကတော့ အဲသလိုစားတာ ကျေနပ်သွားတာပဲ"

သူမေးချင်တာတွေ ရှိသော်လည်း ကလေးရှိနေသဖြင့် မေးသင့်၊ မမေးသင့် ချိန်ဆနေရ၏။ ကေသီက ထမင်းပွဲတွေသိမ်းကာ အချိုပွဲပြင်ပေးတာ သူစောင့်နေလိုက်သည်။ သူဇာကလေးက သူ့အိပ်ခန်းထဲ ဝင်သွား၏။





"အမေ . . . သမီးဂိမ်းသွားဆော့ဦးမယ်"

ဟုပြောသွား၏။ ကေသီက လိမ္မော်ရည်ဖန်ခွက်ကို သူ့ ရှေ့ချပေးရင်း . . .

"ခုခေတ်ကလေးတွေ ဂိမ်းသိပ်ကစားကြတာပဲ"

ဟုဆိုသည်။ ကလေးမရှိတော့ပြီဖြစ်သဖြင့် ကျော်ဇေမြတ်က . . .

"ကျွန်တော်မေးချင်တာ တစ်ခုရှိတယ်"

"ဘာလဲ . . . ကျွန်မတို့ အိမ်ထောင်ရေးလား"

"ဟုတ်တယ် . . . ဒါပေမယ့် ခင်ဗျားမပြောချင်ရင် မပြောပါနဲ့"

ကေသီက ခြောက်ကပ်ကပ် ရယ်လိုက်၏။

"ရှင့်ကို ဖုံးကွယ်ထားစရာ ဘာအကြောင်းမှ မရှိပါဘူး၊ ကျွန်မတို့အကြောင်းကို တစ်မြို့လုံးက သိနေတာပဲဟာ၊ ရှင်သာ မသိတာ"

ချောကေသီပြောပြသော အကြောင်းတွေက စိတ်ဝင်စားစရာ ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခင်ပွန်းအမည်က ကိုဘသော်ဖြစ်သည်။ သူဌေးဦးဘမော်၏သား ဖြစ်၏။ သူတို့အိမ်ထောင်ရေးက "သူဇာလေးကိစ္စ" မဖြစ်ပေါ်မီအထိ အေးချမ်းသာယာသည်ဟု ဆိုနိုင်သည်။

လွန်ခဲ့သော တစ်နှစ်ကျော်ကာလ တစ်ရက်။ ကန်တော်ရှင်မပွဲကျင်းပရန် နီးကပ်နေသော ကာလ။ ဤပွဲက တစ်နှစ်တခါ ကျင်းပနေသော ပွဲဖြစ်သည်။ အနယ်နယ် အရပ်ရပ်က ပွဲတွေ၊ အငြိမ့်တွေ ရောက်လာကာ က,ကြသဖြင့် စည်ကားသောပွဲဖြစ်၏။ မြို့လူထုက အားခဲထားသော နေ့ဖြစ်၏။ ထိုရက်မတိုင်မီ ကန်ကြီးဆီသို့ မိသားစုသုံးဦး ပျော်ပွဲစားထွက်ကြသည်။

သူတို့လိုပင် ကန်ကြီးဘေးတွင် အပန်းဖြေပျော်ပွဲစားရန် ရောက်ရှိနေသူတစ်ချို့ရှိ၏။ ကန်ဘေးအရိပ်ကောင်းသော မိုးမခပင်ကြီးတစ်ပင်အောက်တွင် သူတို့မိသားစု ကော်ဇောခင်းကာ ထိုင်သည်။ ခါတ်ဗူးနှင့်ထည့်လာသော ကော်ဖီသောက်ကြသည်။ ပေါင်မုန့်ထောပတ်သုတ်စားကြသည်။ ကန်ကြီးကို ကြည့်ရသည်မှာ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ ကောင်းသည်။ လွန်ခဲ့သော သုံးလေးရက်ကတော့ မြို့ထဲတွင် 'ဤကန်ကြီးဆီမှ ညဘက်အော်သံကြားရသည်'





ဟု သတင်းစကားထွက်ရှိလာသေးသည်။ အခုတော့ စိတ်ထင့်နေတာတွေ ပျောက်သွား၏။ အားလုံးက သာသာယာယာ၊ အေးအေးချမ်းချမ်း။

မြက်ခင်းပေါ်မှာ သူက ထိုင်ကာ အနားယူနေစဉ် သမီးကလေးသူဇာက ရေကူးချင်တယ်ဟု ပြောသည်။ သူ့အဖေကိုဘသော်က 'ဒါဆိုအဖေသင်ပေးမယ်လေ' ဟုပြောကာ လက်ဆွဲ၍ ရေကန်ဆီ ခေါ်သွားသည်။ ပထမတော့ ကမ်းစပ်ရေတိမ်တိမ်တွင် သူဇာကို သူ့အဖေက ရေကူးသင်ပေးနေ၏။ ကေသီကလည်း ကမ်းပေါ်က အေးအေးလူလူ ထိုင်ကြည့်နေမိသည်။

သို့သော် မကြာခင်မှာပင် ကိုဘသော်သည် ရေကူးသင်ပေးတာနှင့် မတူ။ ကလေးကို ပုခုံးကကိုင်ကာ ရေထဲဆွဲနှစ်နေတာ မြင်ရ၏။ ကလေးက ရုန်းကန်ကာ . . .

"မလုပ်ပါနဲ့ ဖေဖေ . . ."

ဟုပြောသော်လည်း မရ။ ပထမတော့ ကေသီက ကိုဘသော်သည် သမီးဖြစ်သူကို စ,နောက်နေသည်ဟု ထင်သည်။ ထို့ကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘသော် . . . ကလေးကို မစပါနဲ့၊ ကလေးကြောက်နေပြီ"

ဟု ကမ်းပေါ်က လှမ်းအော်ကာ ဟန့်တားသော်လည်း မရ။ ကိုဘသော်က ဆက်ကာ ရေထဲနှစ်မြှုပ်နေ၏။ ကေသီက အကဲခတ်ကြည့်လိုက်တော့ ကိုဘသော်၏မျက်နှာမှာ သရဲစီးနေဘိသကဲ့သို့ လူရုပ်ပျောက်နေသလိုလို ထင်စရာဖြစ်နေ၏။ ကေသီဘာမှစဉ်းစားမနေနိုင်တော့။ အနီးတွင်ရှိသော ပေါင်မုန့်လှီးသည့်ဓါးကို ကိုင်ကာ ခါးလည်ခန့်ရှိသော ရေထဲပြေးဆင်းသွားသည်။ သူ့တွင် သမီးကလေးကို ကယ်တင်ချင်သော စိတ်သာရှိတော့၏။ ကိုဘသော်က သန်မာသော ယောကျ်ားတစ်ယောက်ဖြစ်လေရာ၊ သမီးကလေးကို သူ့လက်က ဤအတိုင်းလုယူဖို့ မလွယ်။ ထို့ကြောင့် လက်ထဲက ဓါးဖြင့် ကျောကုန်းကို ထိုးစိုက်ချလိုက်သည်။

ဒီတော့မှ ကလေးကို လွှတ်လိုက်၏။ သမီးကလေးကိုပွေ့ချီကာ ကမ်းပေါ်တက်ပြေးရင်း ဘေးကလူများအား အကူအညီတောင်းရလေတော့သည်။

* * * *





"တော်ပါသေးတယ်၊ ကလေးရဲ့အသက်ကို ကယ်လိုက်နိုင်တယ်၊ ကလေးက အဲဒီကတည်းက ကြောက်သွားတော့တာပဲ၊ ရေကန်ကြီးရှိတဲ့ဘက် ဘယ်တော့မှ မသွားတော့ဘူး၊ တစ်ခါတလေ ညဘက် အိပ်မက်ဆိုးတွေမက်ပြီး လန့်လန့်နိုးတယ်၊ အိပ်မက်ထဲမှာ သူ့ကို တစ်ယောက်ယောက် ရေနှစ်သတ်နေတယ်လို့ပဲ မြင်တွေ့နေရတယ်တဲ့"

ကေသီစကားက စိတ်ဝင်စားစရာ ကောင်းလှသည်။ ထူးခြားလှသည်။ ဆင်ထားသော ဝတ္ထုတစ်ပုဒ်နှင့်လည်း တူလှသည်။

"ကိုဘသော်ရော . . ."

"သူလည်း မသေပါဘူး၊ ဆေးရုံတော့ တက်လိုက်ရတယ်၊ ကျွန်မလည်း သားသမီးကို ကာကွယ်ဖို့အတွက် တိုက်ခိုက်ရတယ်ဆိုပြီး ရုံးတော်ကို ရှေ့နေက အလျှောက်ကောင်းလို့ ဓါးထိုးမှုအတွက် အရေးယူမခံရဘူး၊ ဒါပေမယ့် သူ့အဖေဦးဘမော်ကတော့ ဒီကိစ္စအတွက် ကျွန်မကို အခုအချိန်အထိ အခဲမကျေနိုင်ဖြစ်နေတော့တာပဲ"

"ကလေးကို ရေနှစ်သတ်မှုနဲ့ ကိုဘသော်ရော အရေးယူ



www.burmeseclassic.com

www.burmeseclassic.com



မခံရဘူးလား"

"သူတို့ရှေ့နေက ကိုဘသော်ဟာ ရှုံးသွပ်နေသူပါလို့ လျှောက်ထားခဲ့တယ်၊ ကိုယ့်သားသမီးကို ရေနှစ်သတ်တယ်ဆိုတာ ရူးတဲ့သူတွေမှ လုပ်နိုင်တဲ့ကိစ္စဆိုပြီး တရားသူကြီးကလည်း ရာဇဝတ်မှုနဲ့ သူ့ကိုအရေးမယူဘူး၊ ဒါပေမယ့် အပြင်မှာ နေခွင့်မပြုဘူး၊ စိတ်ကျန်းမာရေးအထူးကုဆေးရုံကို ပို့လိုက်တယ်၊ အခုအထိ သူက အဲဒီမှာ ရှိနေတုန်းပဲ၊ ကျွန်မနဲ့ သူနဲ့လည်း သူစိတ္တဇဆေးရုံကို မသွားခင်ကလေးမှာ ကွာရှင်းလိုက်ကြတယ်"

အခုတော့ ကေသီဘဝကို သူကောင်းကောင်းနားလည်သွားလေပြီ ဖြစ်သည်။ ဘဝကို တစ်ကိုယ်တည်း တစ်ခုလတ်မလေးဘဝဖြင့် ရုန်းကန်ကာ တစ်ဦးတည်းသော သမီးကလေးကို ကာကွယ်စောင့်ရှောက်နေသူ။ သူ့ရင်ထဲက လေးစားနေလေတော့သည်။

* * * *



BURMESE CLASSIC .com

* ဒါထက် မင်းက ကန်ကြီးအနားမှာနေတော့ မေးရဦးမယ်။ ည,ည ကန်ကြီးဆီက အော်သံတွေ မကြားရဘူးလား။ ကြားရရင် သတိထားကွ။ လူစားတတ်တယ်။

## (၅) သူငယ်ချင်းသုံးယောက်ရှိလေသည်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## (၅) သူငယ်ချင်းသုံးယောက်ရှိလေသည်

နောက်တစ်နေ့တွင် သူ့ဆီကို အောင်ကောင်းရောက်လာသည်။ ဒီတစ်ခါတော့ ဒီလူ့ကို သူမှတ်မိနေသည်။ ရန်ကုန်သူ့စာအုပ်မိတ်ဆက်ပွဲတွင် တစ်ကြိမ်၊ မြို့ရောက်စ မီနီမတ်ကက်တစ်ခုတွင် တစ်ကြိမ် တွေ့ဖူးခဲ့ပြီ။ ဒီတစ်ခါ ထူးခြားတာက သူသည် အရင်တွေ့စဉ်ကလို အရပ်ဝတ်နှင့် မဟုတ်တော့ဘဲ ရဲအရာရှိဝတ်စုံ ဝတ်ဆင်ထားခြင်း ဖြစ်သည်။

"ခင်ဗျားက ရဲအရာရှိပဲကိုး၊ ကျွန်တော်မသိခဲ့ဘူး"

"ဆောရီးပဲ၊ မလိုအပ်ဘဲနဲ့ အလုပ်အကိုင်အကြောင်းမပြော



www.burmeseclassic.com

www.burmeseclassic.com



ရတာ ကျုပ်သိပ်သဘောမတွေ့ဘူး၊ ကိုယ့်ကိုယ်ကို ဂုဏ်ဖော်ရာ များ ကျနေမလားလို့"

"ကျွန်တော်ကတော့ ခင်ဗျားကို ရဲအဖြစ်တွေ့ရတာ ဝမ်းသာတယ်၊ လိုအပ်ရင် အကူအညီတောင်းလို့ ရတာပေါ့"

"ဒီတစ်ခါ ခင်ဗျားဆီ ကျုပ်အကူအညီတောင်းရအောင် ရောက်လာတာ"

အံ့အားသင့်သွားသူက ကိုကျော်ဇောမြတ်ဖြစ်သည်။

"ဗျာ . . . ဘာအကူအညီများလဲ"

"မြို့ထဲက ရုံးကို လိုက်ခဲ့စေချင်တယ်၊ ခင်ဗျားကို မေးစရာ လေးရှိလို့၊ တရားရုံးကိုပေါ့"

"ကျွန်တော်ဘာပြစ်မှုမှ မကျူးလွန်ရပါဘူး"

"ဟုတ်ပါတယ် . . . ခင်ဗျားက သက်သေအဖြစ် အစစ်ခံဖို့"

လမ်းပေါ်တွင် ကားစီးလာရင်း ရှင်းပြ၏။

"ဒီလို ကေသီနဲ့ သူဌေးဦးဘမော်နဲ့က အမှုဖြစ်နေတယ်၊ ယောက္ခမနဲ့ချွေးမ ပြန်တရားဆိုင်နေတယ်၊ အစကကတော့ ကျန်





ခဲ့တဲ့ ကလေးကို အုပ်ထိန်းမှုပဲ"

"သူဇာကလေးကိုလား"

"ဟုတ်တယ် . . . ဦးဘမော်ကလည်း ကလေးကိုခေါ်ပြီး မွေးစားချင်တယ်၊ သူ့မြေးမို့ သူပိုင်တယ်၊ ကေသီကလည်း မပေးချင်ဘူး၊ သူ့အဖေပြန်လွတ်လာရင် ကလေးကို အန္တရာယ်ပေးနိုင်တယ်၊ ပြီးတော့ သူ့မှာက အဖော်ပြုစရာဆိုလို့ ဒီသမီးကလေးတစ်ယောက်ပဲ ရှိတော့ . . ."

"မှန်တာပေါ့ဗျာ . . ကျွန်တော်က ဘာသက်သေခံရမှာလဲ"

သူသိလိုသော အချက်ကို ကျော်ဇောမြတ်က မေးလိုက်သည်။

"ဒီလိုလေ . . . အဲဒီနေ့က ကားလမ်းမပေါ် ရောက်နေပြီး ကားတိုက်မလိုဖြစ်နေတဲ့ ကလေးကို ခင်ဗျားက ကယ်လိုက်ရတယ်၊ အဲဒါဟာ ကေသီအနေနဲ့ ကလေးကို ထိန်းသိမ်းတဲ့နေရာမှာ ပေါ့လျော့လို့ပဲဆိုပြီး ဦးဘမော်က အဲဒီအချက်ကိုကိုင်ပြီး အမှုမှာ အနိုင်ရအောင် လုပ်လိမ့်မယ်၊ ခင်ဗျားရဲ့ထွက်ဆိုချက်က အရေးကြီးတယ် ဘာကယ်လို့ အဲဒီအချက်က ထင်ရှားရင် ကေသီက ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းခွင့်ဆုံးရှုံးရလိမ့်မယ်"

ကျော်ဇောမြတ်က စိတ်မကောင်းဖြစ်သွားသည်။ သူ့ကြောင့်သာ ကလေးထိန်းသိမ်းခွင့်ဆုံးရှုံးသွားရင် ကေသီရင်ကွဲပက်လက် ဖြစ်ပေလိမ့်မည်။ သူ့အနေဖြင့် ဘဝတွင် ဤသမီးလေးတစ်ယောက်သာ တွယ်တာပိုင်စိုးခွင့်ရှိနေသည် မဟုတ်လား။

ရုံးတွင် ဦးဘမော်ဆိုသူကိုပါ တွေ့ရလေသည်။ ဦးဘမော်သည် အသက် ၇၀ ကျော်ခန့်ရှိကာ ကျန်းမာရေးကောင်းမွန်ဟန်မတူ။ ပိန်ချုံးချိနဲ့သော ခန္ဓာကိုယ်ရှိ၏။ သို့သော် သူ့မျက်လုံးတွေက တင်းမာတောက်ပြောင်နေသည်။ အေးစက်စက်နှင့် ကြောက်စရာကောင်းသောသူဖြစ်ကြောင်း ညွှန်ပြနေ၏။ သူ့ဘေးတွင် သူ့အိမ်တွင်ခေါ်ထားသည်ဆိုသော အမြဲတမ်းသူနာပြုတစ်ယောက်ပါလာသည်။ သူသည် ဘီးတပ်ကုလားထိုင်ဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ ဒီလိုအခြေအနေမျိုးမှာပင် မာနတွေ ထောင်လွှားကာ ချွေးမဖြစ်သူအား ဖိနှိပ်ရန် စိတ်ကူးနေသည့်သူ့ကို ကျော်ဇောမြတ်က တော်တော်စိတ်ပျက်မိ၏။

သူကလည်း ကျော်ဇောမြတ်ကို စိတ်ပျက်သွားလေသည်။





ကျော်ဇောမြတ်က သူ၏စိုးရိမ်စိတ်ကြီးမားမှုကြောင့် ဤကဲ့သို့ဖြစ်ရခြင်းဖြစ်ကြောင်း၊ ကလေးမှာ အန္တရာယ်မရှိသော လမ်းဘေးတွင် လျှောက်လာခြင်းဖြစ်ပြီး သူက အန္တရာယ်ရှိနိုင်သည်ထင်ကာ ဝင်ကူမိခြင်းဖြစ်ကြောင်း၊ ထိုအခိုက်က ရမ်းရမ်းကားကား မဆင်မခြင်မောင်းသွားသော ကားတစ်စီးသည်သာ အဓိကတာဝန်ရှိကြောင်း စသဖြင့် ထွက်ဆိုလိုက်ရာ တရားသူကြီးက သဘောတူလက်ခံလိုက်သည်။ ထို့ကြောင့် ဦးဘမော်သည် ကေသီကို ပျော့ကွက်နင်း၍ အနိုင်မယူနိုင်တော့ချေ။ ဦးဘမော်က ကုလားထိုင်ပေါ်မှ သူ့ကိုလက်သီးဆုပ်သွားသေး၏။ ဦးဘမော်၏ဘီးတပ်ကုလားထိုင်ကိုတွန်းသူမှာ သူ့ကိုလာခြိမ်းခြောက်သွားဖူးသော ရဲဒင်ဆိုသူ ဖြစ်နေလေသည်။

ကေသီက ကျေးဇူးတင်စကားလာပြောသည်။

"ရှင် အခုလို ထွက်ဆိုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုကျော်ဇော၊ ကျွန်မလည်း ဆိုင်တစ်ဖက်ရှိနေတော့ ကလေးကို အချိန်ပြည့်စောင့်ရှောက်ပေးနိုင်တဲ့ ကလေးထိန်းတစ်ယောက် အမြန်ရှာဖို့ စိတ်ကူးထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတဲ့ အကြံဉာဏ်ပါပဲ မကေသီ"

ဟု သူက ထောက်ခံလိုက်၏။

သူတို့ခွဲခွာလာသောအခါ ကျော်ဇောမြတ်က မြို့လယ်ရှိ စာကြည့်တိုက်ကို ထွက်လာခဲ့သည်။ ထိုစာကြည့်တိုက်မှာ မြို့က လေးနှင့် မလိုက်အောင်ပင် ခန့်ညားထည်ဝါသည်ကို တွေ့ရသည်။ ဤစာကြည့်တိုက်မှာ ဤမြို့တွင် သူကျောင်းသားဘဝရှိစဉ်ကတည်းက ထူထောင်ထားပြီးသား ဖြစ်၏။ တစထက်တစ တိုးတက်လာပုံရသည်။ ဤစာကြည့်တိုက်တွင် ကွန်ပျူတာများထားရှိကာ E books များ ဖတ်ရှုနိုင်သည်။ စာကြည့်တိုက်မှ ဝန်ထမ်းတစ်ဦးကို သူက နှစ်လွန်သတင်းစာများ ဖတ်ချင်သည်ပြောသောအခါ သူက ကွန်ပျူတာတစ်လုံးဆီ လိုက်ပို့၏။ နှစ်လွန်သတင်းစာများကို စကင်ဖတ်ကာ သိမ်းဆည်းထားခြင်းဖြစ်သဖြင့် သိမ်းဆည်းရအဆင်ပြေသည်။ နေရာကျယ်ကျယ်မယူ။ ကြွက်မကိုက် ခြမတက်။

ကျော်ဇောမြတ်က လွန်ခဲ့သော အနှစ်ငါးဆယ်ခန့်က သတင်းစာဟောင်းတွေ ရှာဖတ်ရန် စီစဉ်သည်။ ဝန်ထမ်းမိန်းကလေးက . . .





"ကျွန်မ အကူအညီပေးရမလား။ လူကြီးမင်းက ဘာကို ရှာဖွေဖတ်ရှုချင်တာလဲ"

"ငါဖတ်ချင်တာက ဒီမြို့နဲ့ပတ်သက်တဲ့ သတင်းတွေပါ။ အထူးသဖြင့် မရဏကန်လို့ ခေါ်နေတဲ့ ကန်တော်ရှင်မကန်နဲ့ ပတ်သက်တာတွေပေါ့"

"ဒါဆို လွယ်ပါတယ်၊ ကျွန်မတို့က ဒီမြို့နဲ့ပတ်သက်သမျှ သတင်းတွေကို သီးသန့်ဖိုင်ဖွင့်ထားပါတယ်၊ အဲဒီမှာရှာရင် ပိုလွယ်ကူပါလိမ့်မယ်"

အဆင်ပြေသွားသည်။ သူကွန်ပျူတာတွင်ထိုင်ကာ တောင်ကိုးလုံးမြို့ဆိုသော ဖိုင်ကိုဖွင့်ကြည့်လိုက်၏။ လွန်ခဲ့သော အနှစ်ငါးဆယ်ကျော် . . . တွေ့ပြီ။

"ကန်တော်ရှင်မပွဲတော် ကျင်းပသောနေ့တွင် အဆိုတော် မမြသီ ပျောက်ဆုံးသွားကြောင်းသတင်း"

မမြသီရဲ့ဓါတ်ပုံကိုပါ တွေ့ရ၏။ သူ့မိန်းမမာလာဦး ပုံတူရေးဆွဲခဲ့သူပင်။ သတင်းက ပျောက်ဆုံးသွားသော မမြသီကို ဘယ်မှာမှရှာမတွေ့ဆိုသော သတင်း။ ပြီးတော့ ကန်တော်ရှင်မပွဲတော်



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပနေသော မြင်ကွင်း။

တစ်နေရာတွင် လူငယ်သုံးဦးစုဝေးကာ ရိုက်ထားသော ဓါတ်ပုံ။ ထိုခေတ်က မြို့မျက်နှာဖုံးလူငယ်များ ဖြစ်ဟန်တူသည်။ သုံးယောက်လုံးပင် စတိုင်ကျကျဝတ်ဆင်ကာ ဟန်ပါပါ ရိုက်ကူးထားကြသည်။ တစ်ယောက်က သူမြင်ဖူးသလိုပဲ။ သူတို့အားလုံးဟာ အသက်နှစ်ဆယ်ပတ်ဝန်းကျင် လူငယ်လေးတွေ။ အောက်က စာကို ဖတ်ကြည့်လိုက်၏။

"ပွဲတော်တွင် ပျော်ရွှင်နေသော မြို့မျက်နှာဖုံးလူငယ်သုံးဦး။ ဘမော်၊ ကောင်းမြတ်နှင့် လှဆောင်"

နာမည်တွေကို တွေ့ရတော့ ကျော်ဇောမြတ်က အံ့အားသင့်သွား၏။ ကောင်းမြတ်ဆိုတာက ကွယ်လွန်သွားသော သူ့အဖေ၏အမည်ဖြစ်၏။ သေသေချာချာ ကြည့်လိုက်တော့ အလယ်ခေါင်က ပြုံးကာ လက်ပိုက်ထားသော ခပ်ချောချောလူငယ်မှာ သူ့အဖေဖြစ်နေတာ တွေ့ရလေသည်။ သူ့အဖေက ဘာကြောင့် ဤသူငယ်ချင်းတွေအကြောင်း ဖွင့်မပြောရတာလဲ။ သူ့ကို တစ်ခါမှ ဒီလူတွေအကြောင်း ပြောမပြဘူးချေ။ ဤပုံထဲကအတိုင်းဆိုသော် သူတို့





သုံးယောက်ကာ သက်တူရွယ်တူ အင်မတန်ချစ်သော သူငယ်ချင်းတွေ ဖြစ်ခဲ့ပုံရ၏။ ဒီလိုသူငယ်ချင်းတွေအကြောင်းကို သူကောင်းကောင်းသိသည်။ ကောင်းကောင်းဆိုးဆိုး တစ်ဦးလုပ်လျှင် အားလုံးက လိုက်လုပ်ကြမည့် သူတွေဖြစ်သည်။

သူက ဦးဘမော်အိမ်ကို ကားမောင်းလာခဲ့သည်။ သူ့ကို ရဲဒင်က ဟန့်တားသည်။

"မင်း ဘာလာလုပ်တာလဲ"

"ဦးဘမော်နဲ့ တွေ့ချင်လို့"

"မင်းနဲ့ ဘာမှတွေ့စရာအကြောင်း မရှိဘူး"

"ကျုပ်ကတော့ တွေ့မှဖြစ်မယ်"

"မင်းက ငါ့ကို ဘာကိစ္စတွေ့ချင်တာလဲ"

အိမ်ဝကို ဘီးတပ်ကုလားထိုင်နှင့် ရောက်လာကာ ဦးဘမော်က မေးလိုက်၏။

"ကျွန်တော်က ဦးကောင်းမြတ်ရဲ့သားပါ"

ကျော်ဇောမြတ်က သူ့ကိုယ်သူ မိတ်ဆက်စကားပြောလိုက်သော်လည်း ဦးဘမော်က ထူးခြားဟန်မပြ။



www.burmeseclassic.com

www.burmeseclassic.com



“ငါသိသားပဲ”

ဟုသာ လေအေးဖြင့် ပြော၏။

“ကောင်းမြတ်သားမို့ မင်းကို ငါက ရန်မလုပ်တာပေါ့၊ ကောင်းမြတ်က တို့လိုဒုက္ခမျိုးကြုံမှာစိုးလို့ ဒီမြို့က စောစောထွက်ခွာသွားတယ်၊ ဒါလည်း ကောင်းတာပဲ”

“တို့လိုဒုက္ခမျိုးဆိုတာ ဘယ်လိုဒုက္ခမျိုးကို ဆိုလိုတာလဲ၊ အန်ကယ်”

အဘိုးကြီးက ခေါင်းရမ်းပြလိုက်သည်။

“မင်းကို ရှင်းပြမနေနိုင်ဘူး၊ ငါပြောချင်တာ တစ်ခုကတော့ ဒီမြို့က မင်းအမြန်ဆုံးထွက်သွားရင် အကောင်းဆုံးပဲဆိုတာကိုပဲ၊ ဒိုကွာ . . . ဒီမြို့နဲ့ နောင်လည်း ဝေးဝေးကနေ”

ဦးဘမော်က အတန်ကြာ တိတ်ဆိတ်နေပြီးမှ . . .

“မင်းမှာ အိမ်ထောင်ရှိလား”

“ရှိတယ် . . .”

“ကလေးရောရှိလား”

“ရှိတယ် . . .”





“ဘာလေးလဲ . . .”

“ဗျာ . . .”

“မိန်းကလေးလား၊ ယောကျာ်းလေးလားလို့ မေးတာ”

“ကျွန်တော်လည်း မသိဘူး၊ လွန်ခဲ့တဲ့ သုံးလလောက်က ကျွန်တော့်မိန်းမ ကားတိုက်ခံရပြီး ဆုံးပါးသွားတယ်၊ အဲဒီတော့မှ ကိုယ်ဝန်ရှိနေတာ ကျွန်တော်သိရတာ”

“အဲဒါ မင်းအတွက် ကောင်းတယ်”

အဘိုးကြီးက မှတ်ချက်ချ၏။ ကျော်ဇောမြတ် စိတ်တိုသွားသည်။ မိန်းမနဲ့ကလေး သေဆုံးရတာကို ဘာကြောင့်ကောင်းတယ်ဆိုရလေသနည်း။ အဘိုးကြီးက သူနှင့်ဆက်ကာ စကားပြောလိုဟန် မတူတော့။ ဘီးတပ်ကုလားထိုင်ကို နောက်ပြန်လှည့်ခိုင်းလိုက်၏။ ပြီးမှ သူ့ဘက်သို့ ကိုယ်ကို ပြန်ငဲ့ကာ . . .

“ဒါထက် မင်းက ကန်ကြီးနားမှာနေတော့ မေးရဦးမယ်၊ ညည ကန်ကြီးအော်သံများ ကြားရလား”

“ဗျာ . . .”

သူရုတ်တရက် ပြန်မဖြေနိုင်။



www.burmeseclassic.com

www.burmeseclassic.com

* အော်သံက ကန်ကြီးဆီမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ အသည်းတုန်အူတုန်ဖွယ်ကောင်းလှသော အော်သံကြီး။ လူတွေပြောဆိုနေကျ အော်သံကြီးကို သူ ယခုတော့ နားနဲ့ဆတ်ဆတ်ကြားရလေပြီ။

## (၆) စိတ္တဇလူသတ်သမား

www.burmeseclassic.com

www.burmeseclassic.com

## (၆) စိတ္တဇလူသတ်သမား

"အင်း . . . ဒီလူကြီးလည်း နဂိုကတော့ မြို့မျက်နှာဖုံး လူကြီးပါ၊ ဒါပေမယ့် လူသတ်မှုနဲ့ ထောင်က ထွက်လာပြီးကတည်းက ဘဝပျက်သလို ဖြစ်သွားတော့တာပဲ"

ဦးအောင်ကောင်းက ဘီယာသောက်ရင်း ပြောနေခြင်းဖြစ်သည်။ ကျော်ဇောမြတ်က အံ့အားသင့်သွား၏။

"သူက ဘယ်သူ့ကို သတ်ခဲ့တာလဲဟင်"

"သူ့သမီးကိုလေ၊ မရဏကန်ကြီးထဲမှာ ကိုယ်တိုင်ရေနှစ်သတ်ခဲ့တာဗျ"

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ပို၍အံ့အားသင့်သွားၡ၏။

"သူ့မှာ ဒီသမီးလေးတစ်ယောက်ပဲ ရှိတယ်၊ ကောင်မလေးက ယဉ်ယဉ်ကျေးကျေး ချောချောလှလှလေးလို့လည်း ပြောကြတယ်၊ တစ်နေ့ သူက ရေကန်ကြီးဆီ သမီးလုပ်သူကို ခေါ်သွားပြီး ကိုယ်တိုင်ရေနှစ်သတ်ခဲ့တာတဲ့၊ အဲဒီတော့ သူ့သမီးက အသက် ၂၀ လောက်ရှိနေပြီ"

"ဘာကြောင့် ခုလိုသတ်ရတာလဲ"

"သူကလည်း ဖွင့်မပြောဘူး၊ ဘယ်လိုမှလဲ ခုချိန်ထိ စုံစမ်းလို့ မရဘူး၊ ရဲအမြင်နဲ့ ပြောရရင်တော့ သတ်ပစ်လောက်တဲ့ ခိုင်လုံတဲ့ အကြောင်းအချက် မရှိဘူးဆိုပါတော့ဗျာ"

ကျော်ဇောမြတ် စိတ်ရှုပ်ထွေးသွားသည်။

"ဒီက လူတွေက ကိုယ့်သမီးကိုယ် ရေနှစ်သတ်တာများ အကျင့်ပါနေကြသလား မသိဘူး၊ ကေသီယောက်ျားကိုဘသော်ကလည်း သူ့သမီးသူဇာလေးကို ဒီလိုပဲ ရေနှစ်သတ်ခဲ့တယ် မဟုတ်လား"

"အင်း . . . မင်းပြောတဲ့ ကိစ္စလည်း ငါတွေးမိပါတယ်၊





ဒါပေမယ့် အဲဒီကိစ္စနှစ်ခုက သိပ်ဆက်စပ်လို့ မရဘူးထင်တယ်၊ ဦးလှဆောင်လူသတ်မှုဖြစ်ခဲ့တာက ဟိုလွန်ခဲ့တဲ့ အနှစ် ၃၀ လောက်က၊ သူလည်း လူသတ်မှုကြောင့် ထောင်ဒဏ် ၁၀ နှစ်ကျသွားခဲ့တယ်"

"ထောင်က ထွက်လာတော့ ဘာဖြစ်သေးလဲ"

ကျော်ဇောမြတ်က သိချင်စိတ်နှင့် မေးလိုက်သည်။

"ထူးထူးခြားခြားတော့ မဖြစ်ပါဘူးဗျာ၊ ဒီလူကြီး ထောင်ကထွက်လာတော့ တစ်မျိုးကြီးပဲ၊ လူတွေနဲ့ ခပ်ကင်းကင်းပဲ နေတော့တယ်၊ လူတွေကလည်း သူ့ကို ကိုယ့်သမီးကိုယ်သတ်တဲ့ လူသတ်သမားကြီးဆိုပြီး ခပ်ဝေးဝေး နေကြတယ်၊ သူလည်း စီးပွားပျက်ပြီး တော်တော်ဆင်းရဲသွားတယ်၊ အခုတော့ မြို့နောက်ဘက်က လူအိုရုံမှာ သွားမှီခိုနေရတယ်၊ တရားကျစရာ တော်တော်ကောင်းတယ်၊ ဘဝနေဝင်ချိန်ကို စောင့်စားနေရတယ် ဆိုပါတော့ဗျာ"

"ကျွန်တော် ဒီလူကြီးနဲ့ တွေ့ချင်တယ်"

"တွေ့ချင်ရင် သွားတွေ့လေ၊ သူက လူတွေနဲ့ သိပ်အတွေ့



www.burmeseclassic.com

www.burmeseclassic.com



ခံတာ မဟုတ်ဘူး"

"ကျွန်တော့်ကိုတော့ တွေ့မှာပါ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က ဦးကောင်းမြတ်သားလေ၊ ဦးကောင်းမြတ်က သူ့သူငယ်ချင်းပဲဟာ"

သူအိမ်ပြန်ရောက်တော့ အတော်ပင် မှောင်နေလေပြီ။ ဦးအံ့မောင်က ညစာပြင်ပေးမည်ပြုသော်လည်း သူက တားလိုက်သည်။

"ဦးအံ့မောင် . . . ကျွန်တော်အ[illegible] ခင်ဗျားကို မေးစရာရှိလို့"

"ဘာများလဲ သူဌေးလေး"

"ဒီလိုလေ . . . ဒီမှာ ကျွန်တေ[illegible]နေတုန်းက ခင်ဗျားပဲ အနီးကပ်စောင့်ရှောက်ပေးခဲ့တ[illegible]လား၊ သူက ဦးလှ[illegible]ဆောင်နဲ့ သွားတွေ့တာ ခင်ဗျားသိ[illegible]

ဦးအံ့မောင်က ခေတ္တငြိမ်သ[illegible] နပြီးမှ . . .

"သိပါတယ် . . ကျွန်တော်[illegible] ဦးလှဆောင်နဲ့ သွားမတွေ့





ဖို့ တားပါသေးတယ်၊ ဒါပေမယ့် မရဘူး၊ ဘာကြောင့် သူစိတ်ဝင်စားနေသလဲ မသိဘူး"

"ခင်ဗျားက ဘာလို့သွားတွေ့မှာကို တားမြစ်ရတာလဲ"

"ဒါ တစ်မြို့လုံးသိနေတဲ့ ကိစ္စပဲ၊ ဒီလူကြီးက စိတ္တဇလူသတ်သမားကြီးလေ၊ ကိုယ့်သမီးအရင်းကိုတောင် ကိုယ်ရေနှစ်သတ်ခဲ့တာပဲ၊ ဒါကြောင့် သူ့ကို အန္တရာယ်မဖြစ်စေချင်လို့ တားမြစ်ခဲ့တာ၊ သူက နားမထောင်ခဲ့ဘူး"

ဦးအံ့မောင်က ကျော်ဇောမြတ်ကို သေသေချာချာကြည့်ကာ . . .

"မှန်တဲ့အတိုင်းပြောရရင် သူဒီမှာနေတုန်းက ကျုပ်လည်း စိတ်လုံးဝမချမ်းသာခဲ့ဘူး"

"ဘာဖြစ်လို့လဲ ဦးအံ့မောင်"

"ဘာဖြစ်ရမှာလဲ၊ ကျုပ်က ကြောက်တတ်တယ်၊ ဆရာလေးမိန်းမက မမြဲသီရဲ့ သီချင်းဓါတ်ပြားဟောင်းတွေ ယူလာပြီး ဖွင့်တယ်၊ အဲဒီဓါတ်ပြားကလည်း မရဏကန်ကြီးအကြောင်း ရေး[illegible]ထားတဲ့ ဓါတ်ပြား၊ ကျုပ်က ငယ်ငယ်ကတည်းက ကန်[illegible]ရှင်မ



www.burmeseclassic.com

www.burmeseclassic.com



ကို အသေကြောက်ခဲ့တာ၊ ကမ်းစပ်မှာ ဆော့ကြရင်း ကန်တော်ရှင်မကို ပမာမခန့်ပြောတဲ့ ကျုပ်သူငယ်ချင်းဟာ အိမ်လည်း ပြန်ရောက်ရော ဝမ်းလျှောပြီး သေရော"

"မတည့်တာ စားမိလို့ နေမှာပေါ့ဗျာ၊ ခင်ဗျားတို့က တစ်ခုခုဖြစ်တာနဲ့ ပြုစားခံရတယ်ထင်တယ်၊ အဲဒါ ဆိုးတာပဲ"

"မဟုတ်ဘူး . . . ဒီမိန်းမကလည်း အခုအချိန်အထိ ဒီကန်ကြီးနားမှာပဲ ပျောက်ဆုံးသွားတယ်၊ ဘယ်သူမှ ပြန်ရှာမတွေ့ကြဘူး၊ လူတွေ ပြောကြတာကတော့ မူလကန်တော်ရှင်မက သူကျွတ်ချိန်တန်လို့ မမြသီနဲ့ လူချင်းလဲသွားတာတဲ့၊ အရှင်လတ်လတ် လိပ်ပြာနှုတ်သွားတာပေါ့၊ အခု ကန်တော်ရှင်မ ဖြစ်နေတာက မမြသီတဲ့"

ကျော်ဇေမြတ်က အနည်းငယ် ရယ်ချင်လာသည်။ တောအရပ်က လူတွေမှာ အသိဉာဏ်နည်းကာ ဒီလိုအဖြစ်မျိုးကြုံလျှင် အမျိုးမျိုးချဲ့ထွင်ကာ ပြောတတ်ကြသည်။ ဤလိုသတင်းမျိုးကို အထူးသဖြင့် ဤမြို့ရှိ နတ်ကတော်များ၊ ပယောဂဆရာများက တီထွင်ကာ ပြောတတ်ကြခြင်းဖြစ်သည်။ ဦးအံ့မောင်က . . .





"ပြီးတော့ သူ့ငွေလေးမိန်းမကလည်း အဲဒီမမြသီရဲ့ ပုံတူပန်းချီကြီးကို ရေးသေးတယ် မဟုတ်လား၊ ကျုပ်ကတော့ အဲဒီကတည်းက မမြသီ ဒီအိမ်ကြီးပေါ် ရောက်နေတယ် ခံစားနေရတယ်၊ အခုအချိန်ထိပဲ၊ ညညဆို ခြေသံတွေ ကြားရတာမျိုး၊ ရိုးတိုးရိပ်တိတ် ဖြတ်ကနဲ မြင်ရတာမျိုးတွေကတော့ ရိုးနေပါပြီ၊ ဆရာလေးရော အဲဒါမျိုး မကြုံဘူးလား"

"မကြုံပါဘူးဗျာ . . ."

ဟုပြောလိုက်သည်။ ကြုံပါတယ်ဆိုရင် ဦးအံ့မောင် ပိုကြောက်ရွံ့နေပေလိမ့်မည်။

"ကိုဘသော်က သူ့သမီးကလေးကို ရေနှစ်သတ်ဖို့ ကြိုးစားခဲ့သေးတယ် မဟုတ်လား၊ အဲဒီနှစ်ခုက ဆက်စပ်မှုရှိသလား"

ဦးအံ့မောင်၏ ထင်မြင်ချက်ကို သိလိုသဖြင့် မေးလိုက်သည်။

ဦးအံ့မောင်က ရိုးအလွန်းသူပီပီ . . .

"မပြောတတ်ပါဘူး ဆရာလေးရယ်၊ ကျုပ်က စုံထောက်မှ မဟုတ်ဘဲ" ဟုပြောရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေးရော ဘာလို့ ဒီကိစ္စတွေ မေးနေရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ်လည်း စိတ်ဝင်စားလို့ပေါ့"

ထိတ်လန့်တုန်လှုပ်သွားသော ဦးအုံ့မောင်မျက်နှာကိုကြည့်ကာ သူ ထိုနေရာက ထွက်လာခဲ့လေတော့သည်။

* * * *

ကန်ကြီးဆီ သူလျှောက်လာခဲ့သည်။ ကန်ရေပြင်ကို လေက တဟူးဟူး တိုးဝှေ့နေ၏။ ကန်ဘေးပတ်ပတ်လည်ရှိ မိုးမခပင်များမှာ လေတိုးဝှေ့မှုကြောင့် လှုပ်ရှားယိမ်းယိုင်နေကြရာ ဇာတ်တိုက်ထားသည့် ယိမ်းသမတွေနှင့်ပင် တူ၍နေလေသည်။ သစ်ရွက်လေတိုးသံတွေလည်း ဟူးဟူးရားရား ပေါ်ထွက်နေလေရာ ဖြုန်းကနဲဆိုပါက ကန်ကြီးဆီမှ ထွက်ပေါ်နေသော အသံဟု ထင်ရ၏။ ဤအသံကိုပင် လူတွေက စွဲမိစွဲရာ ကန်ကြီး၏အော်သံဟု စွဲမိလေသလား။

လမ်းတွင် ကန်တော်ရှင်မနတ်နန်းကိုလည်း ဝင်ကြည့်ခဲ့





သေးသည်။ ကန်တော်ရှင်မရုပ်ထုကို လူတစ်ယောက်၏ အချိုးအစားအတိုင်း ထုလုပ်ထားလေရာ ထုလုပ်သူက လက်ရာမြောက်သဖြင့် အမှတ်တမဲ့ကြည့်လိုက်လျှင် သက်ရှိမိန်းမတစ်ယောက်ရပ်နေတာနှင့် အတော်ပင် တူလေသည်။ မျက်နှာကလည်း ညှိုးငယ်နေသယောင်ယောင် အတော်ပင် အသက်ဝင်နေလေသည်။ ဒီမျက်နှာကို သူမြင်ဖူးသလို ထင်ရ၏။ သေသေချာချာကြည့်လိုက်တော့ အဆိုတော်မမြသီ၏မျက်နှာနှင့် ခပ်ဆင်ဆင်တူနေတာ တွေ့ရ၏။ ဒီရုပ်ထု ထုလုပ်ထားခဲ့ကြတာ ကြာပြီပဲ။ မမြသီနှင့် အဆက်အသွယ်မရှိ။ တူစရာအကြောင်းလည်း မရှိ။ သို့သော် . . .

ဦးအုံ့မောင်အပြောအရတော့ မူလကန်တော်ရှင်မသည် ကျွတ်ချိန်တန်သဖြင့် သူ့နေရာကို မမြသီနှင့် လူစားလဲခဲ့သည်တဲ့။ မမြသီက အရှင်လတ်လတ် လိပ်ပြာအနှုတ်ခံရကာ ကန်တော်ရှင်မဖြစ်၍သွားသည်တဲ့။ ကျော်ဇောမြတ်သည် ကန်စပ်မြက်ခင်းပေါ်တွင် ခေတ္တလှဲကာ ပက်လက်လှန်စဉ်းစားရင်း မေးကနဲ အိပ်ပျော်သွားသည်။

သူလန့်နိုးလာတာက တယ်လီဖုန်း ရုတ်တရက် မြည်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်သည်။ ဘယ်ကထွက်ပေါ်လာသည့် တယ်လီဖုန်းဘဲလ်သံလဲ။ သူ့မှာ ဖုန်းပါမလာ။ အိမ်မှာ မေ့ကျန်ခဲ့သည်။ ဖုန်းသံကို အော်သံတစ်ခုက ဖုံးလွှမ်းသွားပြန်သည်။ အော်သံက ကန်ကြီးဆီမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ အသည်းအူတုန်ဖွယ်ကောင်းသော အော်သံကြီး။ လူတွေ ပြောဆိုနေကျသော အော်သံကြီးကို သူယခုတော့ နားနဲ့ဆတ်ဆတ် ကြားရလေပြီ။ ကန်ရေမျက်နှာပြင်ကလည်း လေမတိုက်ခပ်ဘဲနှင့် ကြီးစွာသော လှိုင်းတံပိုးတွေ ထလျက်ရှိသည်။ ထိုလှိုင်းများပေါ်တွင် ခေါင်းတလားအနက်ကြီးတစ်လုံး မျောပါလာတာ တွေ့ရ၏။ ထိုခေါင်းအနက်ကြီးက ကမ်းခြေနှင့် တစထက်တစ နီးကပ်လာသည်။

နောက်ဆုံး လှိုင်းတစ်လုံးက ကမ်းပေါ်ရိုက်တင်လိုက်၏။ ဒီတော့မှ တယ်လီဖုန်းဘဲလ်မြည်သံမှာ ခေါင်းနက်ကြီးထဲက ထွက်ပေါ်နေခြင်းဖြစ်ကြောင်း သူသတိပြုလိုက်မိသည်။ သူက ခေါင်းဘေးတွင် ဒူးထောက်ထိုင်လိုက်ကာ ခေါင်းဖုံးကို လှန်လိုက်၏။ ခေါင်းထဲတွင် လှဲလျောင်းနေသူက သူ၏ကွယ်လွန်သွားသောဇနီး မာလာဦးဖြစ်နေသည်။ မာလာဦး၏မျက်လုံးတွေက ရုတ်တရက်





ပွင့်လာ၏။ သေဆုံးပြီးသော လူတစ်ယောက် ဒီလိုဖြစ်လာတာတွေ့လျှင် အထူးအဆန်းမို့ ကြောက်လန့်သွားဖို့ ကောင်းသည်။ သို့သော် သူက ကြောက်လန့်ခြင်း မဖြစ်ခဲ့။ သူ့ဇနီးကို ပွေ့ထူကာ ဖက်ထားလိုက်သည်။ သူ့ဇနီးကို မေးချင်တဲ့စကားတစ်ခွန်း ရှိနေသည်။

“မင်းကိုယ်ဝန်ကို ဘယ်သူနဲ့ ရခဲ့တာလဲ”

သူက စိတ်ထဲက မေးမိ၏။

“ကျွန်မကို ကူညီပါ”

ဖက်ထားသော သူ့မိန်းမဆီက ထွက်လာသော အသံ။ သို့သော် သူ့မိန်းမအသံမဟုတ်။ သူက လူချင်းခွာကာ ကြည့်လိုက်သည်။ သူဖက်ထားခဲ့သော သူမှာ ပျောက်ဆုံးနေသည်ဆိုသော အဆိုတော်ကြီးမမြသီ ဖြစ်၍နေလေသည်။

မမြသီက ပြောပြန်သည်။ ကျွန်မကို ကယ်ပါ။

သူထိုနေရာက ထ,ကာ ထွက်ပြေးလာခဲ့သည်။ သို့သော် ဘာကြောင့်မှန်းမသိ၊ သူ့ခြေထောက်တွေက အိမ်ကြီးဆီ မရောက်။ ကန်ဘေးတွင်သာ ပတ်ပြေးနေမိခြင်း ဖြစ်၏။ ပြေးရာမှ မောလာတော့ သူသစ်ပင်ကြီးတစ်ပင်ကို ကျောမှီကာ နားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်ကိုယ်လုံး လျှပ်စစ်နှင့် အတို့ခံရသလို ကျင်တက်သွား၏။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။ သစ်ပင်ကိုခွာကာ သူကြည့်လိုက်တော့ အဲဒီသစ်ပင်က လူမိန်းမတစ်ယောက်၏ ပုံတူပန်းပုနှင့်တူသော သစ်ပင်ဖြစ်နေလေသည်။

* * * *

တယ်လီဖုန်းဘဲလ်မြည်သံကြောင့် သူနိုးလာသည်။ သူ့ကုတင်ဘေး စားပွဲပေါ်တွင်ရှိသော လက်ကိုင်ဖုန်းကို ကောက်ယူနားထောင်လိုက်၏။ ဇော်ဇော်ဦး ဖြစ်နေသည်။

"မင်းတော်တော် အနှောင့်အယှက်ပေးတာပဲ၊ ငါ့ကို အိပ်ရာက နှိုးလိုက်တာ"

"မင်းက အိပ်နေရအောင် ဘယ်အချိန်ရှိသေးလို့လဲ"

ဟုတ်သည်။ နာရီကြည့်လိုက်တော့ (၇) နာရီကျော်ရုံလေးရှိသေးသည်။ သူစိတ်ပန်းလူပန်းဖြင့် ခေတ္တလှဲလိုက်စဉ် အိပ်မက်တွေ မြင်မက်နေခြင်း ဖြစ်သည်။





"အိပ်တာလည်း အချိန်ကြည့်နေရမလား"

"မင်းဝတ္ထု ဘယ်အခြေအနေရောက်နေပြီလဲ"

"ရေးဖို့ဇာတ်လမ်းအကြမ်းတော့ ရနေပြီကွ၊ ဒီတစ်ခါရေးမယ့်ဝတ္ထုကတော့ ပရိသတ်ကြိုက်ဦးမှာ သေချာတယ်"

သူက ဒီမြို့ရောက်မှ ကြုံရသော သူ့အတွေ့အကြုံတွေကို ဇာတ်လမ်းဆင်ရေးဖို့ တွေးထားသည်။ ဇော်ဇော်ဦး ကျေနပ်သွားဟန်တူ၏။

"ဒါဆိုလည်း မြန်မြန်ပြီးအောင်ရေးကွာ"

"အိုကေ . . ."

သူဖုန်းချလိုက်ကာ စာရေးစားပွဲပြောင်းထိုင်ရင်း ဝတ္ထုရှည်ကို စတင်ရေးသားလိုက်လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

* "တို့သူငယ်ချင်းသုံးယောက်ဟာ မလိမ်မိုး၊ မလိမ်မာဘဝနဲ့ ကျူးလွန်ခဲ့တဲ့အပြစ်ကြောင့် တစ်သက်လုံး တစ္ဆေတစ်ကောင်ရဲ့ အင်မတန်ဆိုးဝါးတဲ့ ကျိန်စာရဲ့ဒဏ်ကို ခံစားနေရတဲ့ သူတွေပဲ မောင်ကျော်ဇောမြတ်"

## (၇) အိပ်မက်ထဲက သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com

## (၇) အိပ်မက်ထဲက သစ်ပင်

နောက်တစ်နေ့မနက် အိပ်ယာက နိုးသောအခါ သူ့တစ်ကိုယ်လုံး လေးလံတိုင်းမှိုင်းလျက်ရှိသည်ကို တွေ့ရသည်။ ဤတောင်ကိုးလုံးမြို့ကလေးကို ရောက်ကတည်းက စိတ်ပျက်စရာကိစ္စရပ်များနှင့် တွေ့ဆုံခဲ့ရသည်။ သူ့ဇနီးမတော်တဆမှုဖြင့် ကံမကောင်းစွာ ကွယ်လွန်ခဲ့သဖြင့် ရရှိခဲ့သည့် သူ့စိတ်ဒုက္ခဒဏ်ရာကို ကုစားရန် ဤမြို့သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။ ယခုတော့ ပူးလေရာ ဖရုံဆင့်သကဲ့သို့ ရှိသည်။

ဤရောက်ကတည်းက သူတွေ့ခဲ့သည့် ပြဿနာတွေက



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှ စိတ်ချမ်းမြေ့စရာမရှိ။ ပျောက်ဆုံးနေသော ခေတ်ဟောင်း အဆိုတော်ကြီး၊ မရဏာကန်၊ သမီးကို ကိုယ်တိုင်ရေနှစ်သတ်သော အဖေများ၊ စိတ္တဇဆန်သော လူသတ်မှုများ၊ ပြီးတော့ သူ့ဇနီး၏ ဖုံးကွယ်ထားသော ကိုယ်ဝန်၊ သူဌေးအလိုကျ ဆောင်ရွက်နေသော လူမိုက်၊ အားကိုးရာမဲ့နေသည့် တစ်ခုလပ်မလေး၊ ညဘက်ကြုံရသော ခြောက်ခြားစရာ ဖြစ်ရပ်များ။

သူက အားကစားဝတ်စုံဝတ်ကာ နံနက်စောစောပင် အိမ်က ထွက်လာခဲ့သည်။ ရန်ကုန်မှာလည်း သူသည် စိတ်ညစ်လျှင် ကန်တော်ကြီးစောင်းကို မနက်စောစောထ,ကာ ပြေးရင်း ဖြေဖျောက်တတ်သည်။ အဲသလို ပြေးလိုက်ရရင် လူက နေ၍ကောင်းသွား၏။ လေကို လတ်လတ်ဆတ်ဆတ် ရှူရှိုက်ရတာလည်း ပါမည်။ ကိုယ်လက်လှုပ်ရှားမှုသည် သွေးလှည့်ပတ်မှုကို ကောင်းစေသည်။

ယခုလည်း သူသည် ကန်ကြီးကိုပတ်ကာ ပြေးလာခဲ့သည်။ နံနက်စောစောဖြစ်သဖြင့် နေရောင်ခြည်ဖြတ်ကျကာစ ရေကန်ကြီး၏အလှမှာ ရှုစဖွယ်ကောင်းသည်။ ကန်ရေပြင်က နေရောင်ဖိတ်လဲ့နေလေရာ ငွေသင်ဖြူးခင်းထားသကဲ့သို့ ရှိ၏။ လေနုအေး





က တသွေးသွေး။ ကန်ကြီး၏ကြောက်မက်ဖွယ်ရာ အော်သံကြီးကို မကြားရ။ မိုးမခပင်များအထက်တွင် တေးသီနေသော ငှက်ကလေးများ၏ စိုးစီစိုးစီအသံကိုသာ ကြားရသည်။

တစ်နေရာတွင် သူ့ခြေလှမ်းတွေ တုန့်ကနဲ ရပ်သွား၏။ ထူးခြားသော မိုးမခပင်တစ်ပင်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။ ဤသစ်ပင်မှာ သူ့အိပ်မက်ထဲတွင် တွေ့ခဲ့ရသော သစ်ပင်တစ်ပင်နှင့် တစ်ထေရာတည်း တူနေသည်။ ဝတ်လစ်စလစ် မိန်းမတစ်ယောက်၏ခန္ဓာကိုယ်ကို ထုထားသကဲ့သို့ ရှိ၏။ ရင်နေရာမှာရင်၊ ခါးနေရာမှာခါး၊ တင်ပါးမှာ မို့မောက်စွင့်ကားနေသည်။ ပင်စည်မှ ခွဲထွက်သွားသော ပင်မသစ်ကိုင်းနှစ်ခက်က ထိုမိန်းမလက်နှစ်ဖက် မြှောက်ထားတာနှင့် တူနေသည်။ သူက ဤသစ်ပင်ကို အိပ်မက်ထဲတွင် နှစ်ကြိမ်မြင်ခဲ့ရဖူးရာ အိပ်မက်ထဲတွင်ပင်ရှိသော အပင်ဟု ထင်မြင်ခဲ့၏။ အခုတော့ . . .

ဤအပင်ကြီးကို လူကိုယ်တိုင် တကယ့်အရှိအဖြစ် မြင်တွေ့နေလေပြီ။ သူဆက်မပြေးနိုင်တော့။ သူ့ဘဝ၏ ဤမြို့ကြီးရောက်မှ ဖြစ်ပေါ်လာသည့် ထူးခြားမှုထဲတွင် သေသူတွေ့ရှင်သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့သာမက သစ်ပင်ကြီးပါ ပါဝင်နေလေသည်။ သူ ဤနေရာမှ လှည့်ကာ အိမ်ပြန်လာခဲ့၏။ ခြံဝတွင် ဦးအံ့မောင်ကိုတွေ့တော့ ဦးအံ့မောင်က . . .

"ဆရာလေး . . . ဆရာလေးကိုတွေ့ဖို့ ဧည့်သည်စောင့်နေတယ်"

ဟု ကြိုတင်သတင်းပေး၏။

ဘယ်က ဧည့်သည်ရောက်နေသလဲ ဝေခွဲမရသည့်စိတ်ဖြင့် သူအိမ်ထဲဝင်သွားတော့ ဧည့်ခန်းထဲတွင်ထိုင်နေသော ကေသီနှင့် သူ့သမီးလေးသူဇာကို တွေ့ရလေသည်။ သူက ဖိတ်ခေါ်တုန်းကတော့ ကေသီက ငြင်းဆိုခဲ့၏။ သူ့အနေနှင့် ဤရေကန်ကြီးနှင့် ပတ်သက်သော အဘိတ်ရှိခဲ့သဖြင့် မမြင်မတွေ့လိုပါဟု။ အခုတော့ သူက ပြုံးရွှင်စွာ . . .

"ရှင့်ကို သတင်းကောင်းပြောစရာရှိလို့ လာခဲ့တာ ကိုကျော်ဇော"

"ဘာများလဲဟင်"

"သူတို့ဘက်က အမှုကို ရုပ်သိမ်းသွားပြီ"





"ဘယ်အမှုလဲ"

"ကျွန်မ သမီးလေးကို မွေးစားပိုင်ခွင့်အတွက် သူ့အဘိုး ဦးဘမော်က လျှောက်ထားထားတဲ့ အမှုလေ"

"သူတို့ ဘာလို့လက်လျှော့သွားတာလဲ"

"သူတို့ မသမာတဲ့လုပ်ရပ် ပေါ်သွားလို့"

"ဘာတွေလဲဟင်"

ကျော်ဇောမြတ်က စိတ်ဝင်စားသွား၏။

"အဲဒီနေ့က ကလေးကို ကားလမ်းပေါ်ရောက်အောင် တမင်ဦးဘမော်က တယ်လီဖုန်းဆက်ခေါ်လိုက်တာတဲ့၊ ပြီးတော့ အဲဒီနေ့က ကလေးကို အန္တရာယ်ဖြစ်လောက်အောင် မောင်းပြီး ထွက်ပြေးသွားတဲ့ ကားကိုလည်း သိရပြီ၊ အဲဒီကားကို မောင်းတဲ့သူက ဦးဘမော်တပည့်ရဲဒင်တို့၊ သူတို့ တမင်ကြံစည်လုပ်ကိုင်တာ ထင်ရှားတယ်၊ ဒါကြောင့် ကျွန်မရှေ့နေက သူတို့ကို ပြန်တရားစွဲမယ်လုပ်တာနဲ့ သူတို့ဘက်က အမှုကို ပြန်ရုပ်သိမ်းသွားတာပဲ"

ကျော်ဇောမြတ်က ဒေါသဖြစ်သွားသည်။

"တော်တော် အကြံပက်စက်တဲ့ လူတွေပဲ၊ သူတို့ကိုတရား



www.burmeseclassic.com

www.burmeseclassic.com



ပြန်စွဲဖို့ ကောင်းတယ်"

"ထားလိုက်ပါတော့လေ၊ ကျွန်မက ကျွန်မသမီးကလေးကို ဆက်အုပ်ထိန်းခွင့်ရတာကိုပဲ ကျေနပ်နေပါပြီ၊ ဘာမှမလုပ်ချင်တော့ပါဘူး"

သူက သူတို့သားအမိကို အိမ်အပေါ်ထပ် ဝရံတာကို ခေါ်သွားကာ အဝေးမှမြင်နေရသော ရေကန်ကြီးကို ပြသသည်။

"ဒါကြောက်စရာမဟုတ်ဘူး သူဇာလေး၊ မင်းကို မင်းအဖေက ရေထဲနှစ်ဖူးတယ်ဆိုတာ မှားယွင်းမှုတစ်ခုပဲ၊ ရေက ကြောက်စရာမကောင်းဘူး၊ တစ်နေ့ကျရင် ဒီရေကန်ကြီးထဲမှာပဲ မင်းကို အန်ကယ်ရေကူးသင်ပေးမယ်"

"တကယ်လား အန်ကယ်"

"တကယ်ပေါ့"

သူဇာလေးက ပျော်ရွှင်သွားပုံရ၏။ ကေသီကလည်း ကန့်ကွက်ဟန်မပြ။ ဒီလိုစိတ်ပျက်စရာကိစ္စတွေ ကျော်လွှားသွားနိုင်တဲ့ တစ်နေ့မှာ သူဇာလေးကို သူတကယ်ပဲ ရေကူးသင်ပေးခွင့်ကြုံပါစေလို့ ရင်ထဲက ဆန္ဒပြုနေမိသည်။ ကေသီက . . .





"ကန်တော်ရှင်မပွဲလည်း နီးလာပြီ"

"ဟုတ်လား . . ."

"ဟုတ်တယ် . . . မြို့ထဲမှာ အဲဒီပွဲအတွက် ပြင်ဆင်တဲ့သူတွေတောင် ပြင်ဆင်နေကြပြီ၊ ဒီလိုပွဲနားနီးရင် တစ်ခုခုမကောင်းတာ ဖြစ်တတ်တယ်၊ ဒါကြောင့် ဒီနှစ်လည်း ဘာဖြစ်ဦးမလဲလို့ လူတွေ တထိတ်ထိတ် ဖြစ်နေကြတာပဲ"

ယုံကြည်မှုမှာ ကြောက်စရာမကောင်းသော်လည်း တစ်ယူသန်အစွဲအလမ်းမှာ ကြောက်စရာကောင်းသည်။ လူတွေ၏အသိဉာဏ်ကို အမှန်မမြင်အောင် ပိတ်ဆို့ထားနိုင်စွမ်းရှိ၏။ ကေသီတို့ ပြန်မည်ပြုသောအခါ ကျော်ဇောမြတ်က သူ့ကားနှင့် လိုက်ပို့ပေးခဲ့၏။ သူကလည်း မြို့အနောက်ပိုင်းကို သွားစရာရှိသောကြောင့် ဖြစ်သည်။ ကားပေါ်တွင် . . .

"မင်းကို ဒီကိစ္စတွေအတွက် ဘယ်သူကူညီခဲ့တာလဲ"

ဟု ကျော်ဇောမြတ်က မေးလိုက်၏။ ကေသီက . . .

"ရဲအုပ်ဦးအောင်ကောင်းလေ၊ သူက လိုအပ်တာတွေ စုံစမ်းထောက်လှမ်းပေးခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇောမြတ်က ခေါင်းညိတ်လိုက်၏။ သူတွေးဆထား သလိုပင် ဒီလူက စိတ်ကောင်းရှိသူ၊ အဖိနှိပ်ခံရသူတွေဘက်မှ ရပ်တည်ချင်သူ ဖြစ်ပုံရသည်။

ကေသီတို့သားအမိကို မြို့လယ်ရှိ သူတို့အိမ်ရှေ့တွင် ချထားပြီးသောအခါ သူ့ကားကို မြို့အနောက်ပိုင်းသို့ ဆက်မောင်းလာခဲ့၏။ မြို့အနောက်ပိုင်းစွန်လူအိုရုံရှိသည်။ ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုများကို စောင့်ရှောက်ထားသော ဌာနဖြစ်ကာ သူတွေ့ချင်သော ဦးလှဆောင်သည် ဤအဆောက်အဦးတွင် ခိုလှုံလျက်ရှိသည်။ သူရောက်သွားတော့ တာဝန်ကျဆရာမလေးက . . .

"ဦးလှဆောင်နဲ့တွေ့ဖို့ မလွယ်ဘူးထင်တယ်၊ သူက သူ့အခန်းထဲက မထွက်တာ ကြာပြီ၊ စားစရာတောင် အခန်းထဲယူပေးရတယ်၊ ဘယ်ဧည့်သည်ကိုမှလည်း အတွေ့မခံဘူး၊ ရှင်ကြိုးစားမနေပါနဲ့၊ ပြန်တာ အကောင်းဆုံးပဲ"

ဟုဆိုသည်။

ကျော်ဇောမြတ်က . . .

"ဒီလိုမပြောနဲ့၊ တခြားသူတွေကို အတွေ့မခံပေမယ့် ကျွန်





တော့်ကိုတော့ အတွေ့ခံမှာပါ၊ ဦးကောင်းမြတ်ရဲ့သားက တွေ့ချင်တယ်လို့ ပြောပေးပါ"

ဟုတောင်းပန်လိုက်သည်။ သူ့အယူအဆက မှန်ကန်နေသည်။ မကြာမီ ဆရာမလေးပြန်ရောက်လာကာ . . .

"ဦးလှဆောင်က ရှင့်ကို တွေ့ပါလိမ့်မယ်၊ အခန်းထဲဝင်သွားပါ"

ဟုပြောလေသည်။ အခန်းမှာ ဘော်ဒါဆောင်မှ အခန်းတစ်ခန်းနှင့် အပြင်အဆင်ကအစ တူနေသည်ကို တွေ့ရသည်။ ဦးလှဆောင်သည် ပြတင်းပေါက်နှင့် ကပ်လျက်ရှိသော ကုတင်ပေါ်တွင်ထိုင်ကာ အပြင်သို့ငေးကာ ကြည့်နေ၏။ သူဝင်လာသည့် ခြေသံကြားသော်လည်း လှည့်မကြည့်ဘဲ . . .

"မင်းက ကောင်းမြတ်သားလား" ဟုမေးလေသည်။

"ဟုတ်ပါတယ်၊ ကျွန်တော့်အဖေနဲ့ ဦးကြီးက ငယ်သူငယ်ချင်းတွေလို့ သိရပါတယ်"

"နောက်တစ်ယောက်ရှိသေးတယ်၊ ဘမော်လေ၊ ဒီတုန်းကတော့ တို့လူငယ်သုံးယောက် အမြဲပဲ မခွဲဘဲ တတွဲတွဲရှိခဲ့ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ လူငယ်သဘာဝများ ကြောက်ဖို့ကောင်းတယ်ဟေ့၊ ဘာမဆို မြွေမကြောက်၊ ကင်းမကြောက် လုပ်တတ်ကြတာပဲ၊ အဲ . . . အရက်သေစာကလေး ဝင်နေပြီဆိုရင်တော့ ပိုဆိုးတာပေါ့၊ ဘာမှ မမှုတော့ဘူး"

အဘိုးကြီးက အသံတွေ မာကြောလာ၏။ သူ့စိတ်တွေက ငယ်ဘဝပြန်ရောက်သွားဟန်တူသည်။ အဲဒါကိုပင် သူက အခွင့်ကောင်းယူကာ . . .

"ဦးကြီးတို့ ဘာတွေလုပ်ခဲ့ကြတယ်ဆိုတာ ကျွန်တော်သိခွင့်ရမလား"

"တို့လုပ်ခဲ့တာတွေကတော့ အများကြီးပေါ့ကွာ၊ ဒါပေမဲ့ လူငယ်သဘာဝစိတ်နဲ့ လုပ်ခဲ့တာတွေဆိုတော့ အပြစ်မယူဘဲ ခွင့်လွှတ်မယ်ဆိုရင် ခွင့်လွှတ်နိုင်ကောင်းပါတယ်၊ ဒါပေမယ့် တို့ဘဝမှာ အမည်းစက်ကြီးတစ်ခုလို ဖြစ်နေတဲ့ ဘယ်လိုမှလဲ ခွင့်လွှတ်ဖို့မကောင်းတဲ့ ပြစ်မှုကြီးတစ်ခုကိုလည်း တို့ကျူးလွန်ခဲ့ဖူးတယ်ကွ"

"အဲဒါ ဘယ်လိုကိစ္စမျိုးလဲ ဦးကြီး"

ဦးလှဆောင်က တုန့်ပြန်စကားမဆိုဘဲ အတော်ကြာ





အောင်ပင် တိတ်ဆိတ်နေသည်။ ပြီးမှ . . .

"လွန်ခဲ့တဲ့ သုံးလေးလက မိန်းကလေးတစ်ယောက်ရောက်လာပြီး ဒီလိုပဲ မေးဖူးတယ်၊ မင်းရဲ့ဇနီးပေါ့၊ သူက ဦးကောင်းမြတ်ရဲ့ချွေးမပါလို့ ပြောတယ်၊ တော်တော်လေး ပါးရည်နပ်ရည်ရှိတဲ့ မိန်းကလေးပဲကွ၊ သူလိုချင်တာကိုရအောင် လှည့်ပတ်မေးတယ်၊ အဲဒီအဖြစ်ကို သိရတော့ သူကိုယ်တိုင်လည်း တော်တော်တုန်လှုပ်သွားပုံရတယ်၊ ငါလည်း ပြောခဲ့မိတာ မှားလေပြီလားလို့ ပြန်တွေးမိတယ်၊ ဒီကလေးမလည်း ကားမတော်တဆမှုနဲ့ ဆုံးပါးသွားပြီဆို"

"ဟုတ်ပါတယ် . . ."

ဦးလှဆောင်က လေးလံသော သက်ပြင်းတစ်ခုကို ပင်ပန်းကြီးစွာ မှုတ်ထုတ်လိုက်သည်။

"အဲဒီကတည်းက ငါက ဒီကိစ္စတွေကို ဘယ်သူ့ကိုမှ မပြောတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ ဒီကိစ္စတွေကို ဘယ်သူ့ကိုမှ ပြောမပြပါဘူးလို့ တို့သုံးယောက်သစ္စာဆိုထားခဲ့ကြတယ်လေ၊ ဒီလျှို့ဝှက်ချက်တွေကို တို့တတွေ သေရွာအထိပါအောင် ယူဆောင်သွားကြဖို့ပဲ၊ ဒါပေမယ့် . . ."



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် အချိန်အနည်းငယ်ခန့် တိတ်ဆိတ်သွားပြန်သည်။ သူက စိတ်ရှည်စွာ စောင့်ဆိုင်းနေလိုက်၏။

"ငါအသက်ကြီးပါပြီ၊ သေဖို့လည်း နီးကပ်လာပါပြီ၊ သေတဲ့အခါ ငါလိပ်ပြာသန့်သန့်ကလေး သေချင်တယ်၊ ဒါကြောင့် မသေခင် ငါ့အပြစ်တွေကို တစ်စုံတစ်ယောက်ကို ထုတ်ဖော်ဝန်ခံသွားချင်တယ်၊ အဲဒီထဲမှာ မင်းကတော့ အသင့်တော်ဆုံးဖြစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကလည်း တို့အထဲက တစ်ယောက်ဖြစ်တဲ့ ကောင်းမြတ်ရဲ့သား ဖြစ်နေတာကိုး၊ တို့သူငယ်ချင်းသုံးယောက်ဟာ မလိမ်မိုး၊ မလိမ်မာဘဝနဲ့ ကျူးလွန်ခဲ့တဲ့အပြစ်ကြောင့် တစ်သက်လုံး တဇ္ဈေတစ်ကောင်ရဲ့ကျိန်စာကို ခံစားနေရတဲ့သူတွေပဲ မောင်ကျော်ဇောမြတ်"

"ခင်ဗျာ . . တဇ္ဈေတစ်ကောင်ရဲ့ကျိန်စာ . . ဟုတ်လား"

"ဟုတ်တယ် . . တဇ္ဈေတစ်ကောင်ရဲ့ အင်မတန်ကြောက်စရာကောင်းတဲ့ ကျိန်စာပေါ့၊ အဲဒီကျိန်စာက လွတ်မြောက်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး မောင်ကျော်ဇောမြတ်"

* * * *



* သူက ကန်တော်ရှင်မကို တိုင်တည်သွားတာ မကြားဖူးလား။ ကန်တော်ရှင်မကလည်း မိန်းမဆိုတော့ မိန်းမချင်းရိုင်းပင်းမှာပေါ့။ ပြီးတော့ တို့ကလည်း သူ့နယ်မြေမှာ မဟုတ်တာ လုပ်လိုက်မိတယ်လေ။

## (၈) တစ္ဆေတစ်ကောင်ရဲ့ကျိန်စာ

www.burmeseclassic.com

www.burmeseclassic.com

## (၈) တစ္ဆေတစ်ကောင်ရဲ့ကျိန်စာ

ဘမော်၊ ကောင်းမြတ်နှင့် လှဆောင်တို့သည် တောင်ကိုးလုံးမြို့ကလေး၏ လူချမ်းသာမိဘများက ပေါက်ဖွားလာသည့် မြို့မျက်နှာဖုံးလူငယ်လေးသုံးယောက် ဖြစ်သည်။ သူတို့သုံးယောက်လုံး ဘဝတူ မွေးချင်းညီအစ်ကိုမောင်နှမ မရှိကြလေရာ သူတို့အချင်းချင်းပင် ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်ကာ အမြဲပဲ မခွဲဘဲ တတွဲတွဲရှိကြလေသည်။ တောင်ကိုးလုံးမှ ရဲသုံးဖော်ဟုဆိုလျှင် အနီးပတ်ဝန်းကျင်မြို့ကလေးများထိအောင်ပင် နာမည်ကြီးနေလေသည်။

သူတို့မြို့ကလေးတွင် မိုးမခကန်ဆိုသော ရေကန်ကြီးတစ်

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကန်သည် အထင်အရှား ရှိနေလေသည်။ သို့သော် လူအများက တော့ 'ကန်တော်ရှင်မ' ကန်ဟု အသိများကြသည်။ ဤကန်ကြီး တည်ဆောက်စဉ်က စတေးခံရသော သူသည် နတ်ဖြစ်ကာ ဤ ကန်ကြီးတွင် နေထိုင်သည်ဟု လူတွေ အယုံအကြည်ရှိကြသည်။ ကန်စပ်တွင် နတ်ကွန်းတစ်ခုဆောက်ကာ ကန်တော်ရှင်မကို ကိုး ကွယ်ကြသည့်အပြင် ရိုးရာအစဉ်အလာတစ်ခုလိုပင် ကန်တော်ရှင်မ နတ်ပူဇော်ပွဲကို တော်သလင်းလတွင် တစ်နှစ်တစ်ခါ ပြုလုပ်လေ့ ရှိကြသည်။

တစ်ခုသော ကန်တော်ရှင်မနတ်ပူဇော်ပွဲကာလ ဖြစ်သည်။ နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည့်အတိုင်း ဤနှစ် တွင်လည်း ဇာတ်ပွဲများ၊ မိုးလင်းပေါက်ရုပ်ရှင်ရုံ ဆပ်ကပ် စသဖြင့် အတော်ပင် စုံစုံလင်လင် ပွဲသွင်းထားသဖြင့် ညရောက်လျှင် ကန် ကြီးဘေးပတ်ပတ်လည်ရှိ ပွဲခင်းကြီးမှာ မီးရောင်တထိန်ထိန်လင်း ကာ တိုးမပေါက်အောင် စည်ကားနေလေသည်။ ထိုဇာတ်ပွဲများ တွင် ပဒေသာကပွဲတစ်ပွဲလည်း ပါဝင်လေရာ ထိုပွဲအစတွင် နာမည် ကျော်အဆိုတော်များက သီချင်းများ သီဆိုဖျော်ဖြေကြလေသည်။





မမြသီမှာ ထိုအဆိုတော်များထဲမှ တစ်ယောက်ဖြစ်၏။ သူက ပထမတန်းအဆိုတော်တော့ မဟုတ်။ ဒုတိယတန်းအဆို တော်သာ ဖြစ်သော်လည်း ယခုလို စင်တင်သီဆိုပွဲများတွင် ချော မောလှပသော ရုပ်ရည်ရှုပကာကြောင့် သူ့ကို ပွဲထုတ်ရတာ များ လေသည်။ သူသည် ဤပွဲတွင် သူ၏နာမည်ကျော်သီချင်းတစ်ပုဒ် ဖြစ်သော 'ကန်တော်ရှင်မ' သီချင်းကို သီဆိုလေရာ လူတွေ အင် မတန် သဘောကျကြလေသည်။ ဤသီချင်းမှာ ဓါတ်ပြားလည်း ထုတ်ဝေထားသဖြင့် လူထုကြားတွင် ရေပန်းစားနေသော သီချင်း ဖြစ်သည်။

ညဦးကပင် သူငယ်ချင်းသုံးယောက်သည် ပွဲခင်းထဲရောက် နေသည်။ ပွဲခင်းထဲတွင် လေးကောင်ဂျင်ကဲ့သို့သော ကစားဝိုင်း များရှိရာ သူတို့ဝင်ကစားကြသည်။ ကံကောင်းစွာပင် ငွေအတော် များများ နိုင်လေသည်။ ထိုအခါ အရက်ဆိုင်တွင်ဝင်ကာ အရက် သောက်ကြသည်။ သူတို့မှာ အတော်ပင် မူးယစ်ကာ စိတ်လွတ် ကိုယ်လွတ် ဖြစ်နေသည်။ ထိုအခါ သွေးကြွနေသော ဘမော်က-

"ငါ မမြသီကိုတွေ့ဖို့ သွားချိန်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေသည်။ ဤပွဲတော်ရက်အတွင်း မမြသီသည် အင်မတန် နာမည်ကြီးနေ၏။ အထူးသဖြင့် ဤမြို့ကလေးရှိ ကာလသားများအကြားတွင် ဖြစ်လေသည်။ သူက မမြသီနှင့် ချိန်းတွေ့ခွင့်ရလျှင် ဤမြို့ကလေးရှိ ကာလသားများအကြားတွင် ပို၍အထင်ကြီးစရာ ဖြစ်သွားမည်ဟု ဘမော်က တွေး၏။ ကောင်းမြတ်က-

"ဖြစ်ပါ့မလား . . . ဒီမိန်းမက မာနခပ်ကြီးကြီးလို့ ပြောတယ်နော်"

တကယ်တော့ မမြသီကပင် သူတို့ထက် အသက်ကြီး၏။

"ဖြစ်ပါတယ်ကွ . . . ငါဘယ်သူလဲ မင်းတို့ သိတယ်မဟုတ်လား၊ ဘမော်ပါ . . . ဒီမြို့ရောက်နေရင် ဘမော်ရဲ့ဆန္ဒကို လွန်ဆန်ရဲတဲ့သူ မရှိပါဘူး"

တကယ်တော့ သူတို့သုံးယောက်ထဲတွင် ဘမော်က ခေါင်းဆောင်ဖြစ်၏။ ဘမော်မိဘများက ပိုချမ်းသာရုံမက ဘမော်က သူတို့နှစ်ယောက်ထက်လည်း ပို၍မိုက်ရဲ၏။ ရန်ဖြစ်လျှင်လည်း လက်ယဉ်၏။ ကျန်နှစ်ယောက်ကတော့ သူ့နောက်လိုက်များသာ ဖြစ်လေသည်။ ဒီလိုနှင့် သူတို့ ပဒေသာကပွဲရုံနောက် ရောက်သွား





ကြသည်။ မမြသီသည် သူ့အလှည့်ပြီးပြီဖြစ်သဖြင့် အနားယူနေလေသည်။

ဘမော်က မိတ်ဖြစ်ဆွေဖြစ် တွေ့ဆုံလိုသည်ဆိုတော့ မငြင်း။ ဘမော်တို့အကြောင်းကို သူက ကြားဖူးထား၏။ ဒီမြို့ရောက်လျှင် သူတို့နှင့် အဆင်ပြေအောင် ပေါင်းသင်းတာက အကောင်းဆုံးဟု။

* * * *

"နောက်ပိုင်းကိစ္စတွေက လွယ်ပါတယ်။ စားသောက်ဆိုင်ခေါ်သွားပြီး မမြသီသောက်တဲ့ အချိုရည်ထဲ ဘမော်က အရက်ထည့်တိုက်တယ်။ မမြသီက အူရှိုင်းဆိုတော့ လူမှန်းမသိအောင်မူးတော့တာပေါ့။ အဲဒီတော့မှ ရေကန်အစပ်အမှောင်တောထဲကို ဆွဲခေါ်သွားပြီး မတော်မတရား ပြုကျင့်တယ်"

ဦးလှဆောင်ထံမှ ကြားရသော စကားတွေက ကျော်ငြိမ်းမြတ်အတွက်ပင် ခြောက်ခြားတုန်လှုပ်စရာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပထမတော့ သတ်ဖို့ မရည်ရွယ်ပါဘူး၊ ဘမော်က ငွေပေးပြီး ညှိနှိုင်းပါသေးတယ်၊ မမြသီကတော့ လက်မခံဘူး၊ သူကြေးစားမဟုတ်ဘူး၊ ရဲကို တိုင်မယ်လို့ပဲ ပြောတယ်၊ ဒီကိစ္စက တို့သုံးယောက်လုံးအတွက် လူသိရှင်ကြားဖြစ်ရမယ့် ကိစ္စမဟုတ်ဘူး၊ တို့မိဘတွေက မြို့မျက်နှာဖုံးဂုဏ်သရေရှိ လူကြီးလူကောင်းတွေ၊ နောက်ဆုံးတော့ . . ."

ဘမော်က မမြသီအား ရေထဲဆွဲခေါ်ကာ ရေနှစ်သတ်လေတော့သည်။ မမြသီက အတင်းရုန်းကန်နေသဖြင့် ဘမော်က အော်ဟစ်အကူအညီတောင်းလေရာ ကောင်းမြတ်နှင့် လှဆောင်က ဝင်ကူကြရသည်။ မမြသီက မသေခင် မကျေမချမ်း ကျိန်ဆဲသွား၏။

"ငါ့ကို ရေနှစ်သတ်သလို နင်တို့လည်း သားစဉ်မြေးဆက် ကိုယ်မွေးတဲ့သမီးကို ကိုယ်ရေနှစ်သတ်တဲ့သူတွေ ဖြစ်ပါစေ၊ ကန်တော်ရှင်မကို တိုင်တည်သစ္စာပြုပါတယ်"

သူတို့က မမြသီအလောင်းကို မြေတွင်းတူးမြှုပ်ကာ ထိုအပေါ်တွင် မိုးမခပင်တစ်ပင်ကို ပြောင်းရွှေ့စိုက်ထားလိုက်၏။





သစ်ရွက်ကြွေများ ဖုံးအုပ်ထားလိုက်သောအခါ ကျင်းတစ်ကျင်းနှင့် တူမနေတော့ချေ။

ထိုအချိန်ကစ၍ မမြသီသည် ဤကမ္ဘာမြေပေါ်မှ ဘယ်သူမှ ရှာဖွေမတွေ့အောင် ပျောက်ဆုံးသွားပါလေသည်။ လူတွေက ရေနစ်သေဆုံးသည်ထင်ကာ ရေကန်ထဲအထိ ရေငုတ်ရှာဖွေပါသော်လည်း အလောင်းကိုတော့ တွေ့ရှိရခြင်း မရှိ။ မမြသီဤကန်ကြီးအနီး ပျောက်ဆုံးသွားခြင်းမှာ ဤကန်ကြီး၏ ထူးခြားသောပုံပြင်တစ်ပုဒ်အဖြစ်သာ သွတ်သွင်းခြင်း ခံလိုက်ရသည်။ အဖြေကို ဘယ်သူမှ ရှာမတွေ့ကြ။ ကြာတော့လည်း မမြသီအဖြစ်ကို လူတွေက မေ့လျော့သွားကြသည်။

မမေ့လျော့နိုင်သူတွေကတော့ ဤဆိုးဝါးသော ပြစ်မှုကို ကျူးလွန်ခဲ့ကြသည့် လူသုံးဦးသာ ဖြစ်လေသည်။ သူတို့သည် ဤကိစ္စကို ဘယ်သောအခါမှ ဘယ်သူ့ကိုမှ ဖွင့်မပြောကြရန် သစ္စာဆိုထားကြလေသည်။ တကယ်တော့ အမူးပြေသောအခါ အရက်မူးမူးနှင့် မဆင်မခြင်ပြုခဲ့မိသည့် အလုပ်အတွက် သူတို့အားလုံး နောင်တရခဲ့ကြသည်။ သို့သော် ဤအမှားက ပြန်လည်၍ ဖြေပြင်



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်သော အမှုမဟုတ်တော့။

ကိုလှဆောင်က . . .

“ငါတော့ ဒီမိန်းမ မသေခင် ကျိန်စာတိုက်သွားတာကို တွေးမိပြီး အိပ်မပျော်နိုင် ဖြစ်ရတယ်၊ တော်တော်ကြောက်စရာကောင်းတဲ့ ကျိန်စာပဲ”

ဟု အထိတ်တလန့် ပြော၏။ ကိုဘမော်ကတော့ . . .

“မင်းကလဲကွာ . . . မဖြစ်နိုင်တာ တွေးပူနေတယ်၊ သူကျိန်ဆဲတိုင်း ဖြစ်ရမှာလားကွ”

“သူက ကန်တော်ရှင်မကို တိုင်တည်သွားတာ မကြားဖူးလား၊ ကန်တော်ရှင်မကလည်း မိန်းမဆိုတော့ မိန်းမချင်းရိုင်းပင်းမှာပေါ့၊ ပြီးတော့ တို့ကလည်း သူ့နယ်မြေမှာ မဟုတ်တာ လုပ်မိတယ်လေ၊ သူက ဒီလို သူ့နယ်မြေထဲမှာ မဟုတ်တာတွေလုပ်ရင် မကြိုက်ဘူး”

ကိုကောင်းမြတ်ကတော့ . . .

“မဖြစ်သေးတာတွေ တွေးပူမနေနဲ့ကွာ၊ ဥပါဒန်ကြောင့် ဥပါဒ်ဖြစ်နိုင်တယ်”





သို့သော် . . . သူတို့ (၃) ယောက်လုံးပင် ရှေ့ဆင့်နောက်ဆင့် အိမ်ထောင်ရက်သား ကျခဲ့ကြလေသည်။ သူတို့မိန်းမများ ကိုယ်ဝန်ဆောင်သောအခါ အားလုံးပင် သမီးမိန်းကလေးမွေးမှာ စိုးရွံ့နေကြ၏။ မမြသီကျိန်စာအရဆိုသော် . . .

“နင်တို့မွေးတို့ သမီးတွေကို ကိုယ်တိုင်ရေနှစ်သတ်တဲ့သူတွေ ဖြစ်ပါစေ”

ဟုဆိုခဲ့သည် မဟုတ်လား။

ထိုအထဲတွင် ကံဆိုးသူမှာ အင်မတန် အစိုးရိမ်ကြီးသော ဦးလှဆောင်ပင် ဖြစ်သည်။ သူက သမီးမိန်းကလေးမွေးခဲ့၏။ ကျန်နှစ်ယောက်ကတော့ ယောကျ်ားကလေးတွေ မွေးသည်။ ဦးကောင်းမြတ်သည် သူ့သားကျော်ဇောမြတ် အထက်တန်းကျောင်းသားဘဝမှာပင် ဤမြို့ကလေးမှ အပြီးတိုင် ပြောင်းရွှေ့ခဲ့သည်။ သူ့သဘောအရတော့ ကျိန်စာနှင့် ဝေးရာသို့ ပြောင်းရွှေ့ခဲ့ခြင်းသာ ဖြစ်သည်။ သူတို့ဆိုးခဲ့သမျှ အပြစ်တွေက သူတို့သားသမီးတွေအပေါ် ဆိုးကျိုးတွေ ကျရောက်မနေစေချင်။

* * * *



www.burmeseclassic.com

www.burmeseclassic.com



"ဒီထဲမှာ ကျိန်စာရဲ့ဒဏ်ကို စတင်ခံစားရတာကတော့ ငါပဲကွ"

ဦးလှဆောင်က ကြေကွဲဖွယ်ရာ အသံဖြင့် ပြောခဲ့သည်။ ဦးလှဆောင်သည် မမြသီ၏ကျိန်စာကို အစဉ်အမြဲ သတိထားနေသည်။ သူသည် ဘယ်သောအခါမှ သမီးဖြစ်သူနှင့်အတူ ကန်ကြီးဆီသို့ သွားလေ့မရှိချေ။ သို့သော် တစ်ရက်သော ကန်တော်ရှင်မ ပူဇော်ပွဲတွင် သူ့သမီးက ဇွတ်အတင်းခေါ်သွားသဖြင့် သူလိုက်သွားခဲ့မိသည်။ ဆိုးဆိုးဝါးဝါးအတိတ်က အနှစ် (၂၀) ကျော်ခဲ့လေပြီ။ ယခုအချိန်အထိ ဘာမှ သူတို့ကို ဆိုးကျိုးမပေးသေး။ ထို့ကြောင့် ဤကျိန်စာကိုပင် စိတ်ထဲက ပြေပြေပျောက်ပျောက် မေ့သလောက်ရှိ၍ နေလေပြီ။ သို့သော် . . .

ကန်ရေစပ်တွင် ဆင်းကာ ဆော့ကစားနေသော သမီးဖြစ်သူကို မြင်ရသောအခါ ဦးလှဆောင်၏စိတ်တွေက ဖေါက်ပြန်လာသည်။ သူဆင်ခြင်တုံတရားကင်းကွာကာ သတိလက်လွတ်ဖြစ်၍ သွားတော့သည်။ သမီးဖြစ်သူဆီ ပြေးသွား၍ ရေထဲဆွဲနှစ်ကာ သတ်ဖြတ်မိတော့သည်။ ပွဲတော်ရက်ဖြစ်သဖြင့် တွေ့သူတွေက





ပြေးလာကာ တားဆီးဖို့ ကြိုးစားသည်။ သို့သော် . . .

* * * *

"ဒီအပြစ်ဒဏ်နဲ့ ငါလည်း ထောင်ထဲမှာ ဆယ်နှစ်လောက်နေခဲ့ရတယ်၊ အဲဒီတုန်းက အဖြစ်ကို ငါပြန်တွေးမိတော့ ငါ့ကိုယ်ငါဘာလုပ်မိမှန်း မသိဘူး၊ ငါသတ်လိုက်တယ်ဆိုတဲ့ သမီးက ငါအင်မတန်ချစ်တဲ့ ငါ့ရဲ့တစ်ဦးတည်းသော သမီး၊ နောက်ဆုံးတော့ ဒါဟာ မမြသီကျိန်ဆိုခဲ့တဲ့ ကျိန်စာရဲ့ဒဏ်ကို ခံရတာပဲလို့ ယူဆလိုက်ပါတော့တယ်"

ဦးလှဆောင်၏အသံက တကယ်ပင် ကြေကြေကွဲကွဲ။ သူတို့ပြုခဲ့သော မကောင်းမှုကို ပြန်လှန်သတိရနေသလို သူ့ကိုယ်တိုင်သတ်ခဲ့ပါသည့် ချစ်သမီးကိုလည်း ပြန်လည်တမ်းတနေဟန်တူ၏။ ဒီအတွက် သူစိတ်မကောင်း။ ဆိုးဝါးလှသော အတိတ်ဇာတ်ကြောင်းကို ဦးလှဆောင်သည် သူ့ကြောင့် ပြန်လှန်ပြောဆိုနေရသည် မဟုတ်ပါလား။ ဒီတော့ အဟောင်းတို့သည် အသစ်ဖြစ်၍ နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါထောင်ကလွတ်ပြီး မြို့ပြန်ရောက်လာပေမယ့် မြို့က လူတွေက ငါ့ကို အရင်လို လှိုက်လှိုက်လှဲလှဲ မကြိုဆိုကြတော့ဘူး၊ ဒါလည်း ဟုတ်တော့ ဟုတ်ပါတယ်၊ ကိုယ့်သမီးအရင်းကိုတောင် ကိုယ်သတ်ခဲ့တယ်ဆိုတဲ့ သူကို ဘယ်သူက ကောင်းကောင်းမွန်မွန် ကြိုဆိုကြမှာလဲ"

ဒီလိုနှင့် ဦးလှဆောင်သည် လူတွေနှင့်ဝေးအောင် နေခဲ့သည်။ သူ့စီးပွားရေးလုပ်ငန်းတွေလည်း သူထောင်ကျနေစဉ်မှာပင် ပျက်စီးဆုံးရှုံးခဲ့သည်။ ဆင်းရဲပင်ပန်းစွာ နေထိုင်ခဲ့ရင်း ယခု ဘဝနောက်ဆုံးအချိန်ကျသောအခါ သူသည် လူအိုရုံ၌ ခိုလှုံနေရလေပြီ။ ကျော်ဇောမြတ်က . . .

"ဦးအပေါ် ကွယ်လွန်သူရဲ့ကျိန်စာက တကယ်ရိုက်ခတ်ခဲ့တယ်လို့ ထင်ပါသလား"

ဟုမေးလိုက်၏။ ဦးလှဆောင်က . . .

"ဟာ . . . ထင်တာပေါ့ကွ၊ မင်းစဉ်းစားကြည့်လေ၊ ငါက သမီးမွေးပေမယ့် မင်းရဲ့အဖေကောင်းမြတ်နဲ့ ဘမော်တို့က သား တစ်ယောက်စီသာ မွေးကြတယ်၊ သူတို့ရဲ့လက်ထက်မှာ ဒီကျိန်စာ





က လွတ်မြောက်သွားပေမယ့် ကျိန်တဲ့သူက သားစဉ်မြေးဆက် ခံစားရပါစေလို့ ကျိန်ခဲ့တော့ ဘမော်သား ဘသော်ဟာ သူ့သမီး ကလေးကိုသတ်ဖို့ ကြိုးစားခဲ့တာပဲ မဟုတ်လား၊ ဒါကြောင့် အခု အချိန်အထိ အရူးဆိုပြီး ဆေးရုံထဲမှာ သွားနေနေရတယ်လေ"

ဒါကိုတော့ သူသိပြီးသား ဖြစ်သည်။ ဒီအတိုင်းဆို ကြောက်စရာကောင်းသော ကျိန်စာဖြစ်၏။ ဦးလှဆောင်က သူ့ကို စေ့စေ့ ကြည့်ကာ နောက်ဆုံးပြောလိုက်သည်။

"မင်းမှာ သမီးလေးတစ်ယောက်ရှိမနေတာ မင်းကံကောင်းတာပဲလို့ မှတ်ပေတော့ မောင်ကျော်ဇောမြတ်"

* * * *



www.burmeseclassic.com

www.burmeseclassic.com

✱ မမြသီ၏ခန္ဓာကိုယ်တွင် သူတို့သတ်ဖြတ်စဉ်က ဝတ်ဆင်ထားသော အထက်အောက် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ထူးခြားတာက သူ့တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး အဝတ်အစားတွေပါမကျန် ရေတွေ စိုရွှဲနေခြင်း ဖြစ်လေသည်။

## (၉) တမလွန်မှကလဲ့စား

www.burmeseclassic.com

www.burmeseclassic.com

## (၉) တမလွန်မှကလေ့စား

စာကြည့်ခန်းထဲတွင် ဦးဘမော်သည် တစ်ညနေလုံး ငြိမ်သက်စွာ ထိုင်နေခဲ့သည်။ သူ့သူနာပြုဆရာမက ခပ်လှမ်းလှမ်းခုံတစ်လုံးတွင် ငြိမ်ငြိမ်သက်သက်ထိုင်ကာ စောင့်ကြည့်နေရ၏။

အခုရက်အတွင်းမှာပင် ဦးဘမော်၏ကျန်းမာရေးအခြေအနေမှာ ဆိုးဆိုးဝါးဝါး ကျဆင်းသွား၏။ ဒါကြောင့် ဆေးကိုနှစ်ဆတိုးပေးကာ ဂရုစိုက်နေရသည်။ အဓိကအကြောင်းမှာ ရုံးတော်တွင် သူ့မြေးကလေးကို ထိန်းသိမ်းစောင့်ရှောက်ခွင့်အား နောက်ဆုတ်အရှုံးပေးလိုက်ရခြင်းကြောင့် ဖြစ်သည်။ ဤအချက်က သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အတော်ပင် စိတ်ထိခိုက်ကြေကွဲစေသည်။ တကယ်တော့ မြေးကို ချစ်တဲ့စိတ်ထက် ချွေးမဖြစ်သော ကေသီကို နှိပ်စက်ချင်သော ကြောင့် ဖြစ်သည်။ ကေသီသည် သူ့သားကို ခါးနှင့်ထိုးကာ သတ် ရန်ကြံစည်ခဲ့သည် မဟုတ်လား။ ရုံးတော်ကလည်း ဤကိစ္စအတွက် ကေသီကို အပြစ်ပေးခြင်း မရှိ။ သားသမီးကို အကာအကွယ်ပေး ရန်အတွက် မိခင်တစ်ယောက်က ခုခံပိုင်ခွင့်ဟု ဆုံးဖြတ်ကာ တရား သေလွှတ်ပေးခဲ့လေသည်။

သူနာပြုက အနားရောက်လာကာ ဆေးတိုက်ဖို့ ကြိုးစား သော်လည်း သူက ငြင်းလိုက်သည်။ ညအိပ်ကာနီးတိုက်နေကျ အိပ်ပျော်စေသည့် စိတ်ငြိမ်ဆေးဖြစ်သည်။ ဦးဘမော်သည် ဆိုးဝါး သော နှလုံးရောဂါရှိသူဖြစ်သည်။ ဦးဘမော်က သူ့သူနာပြုအား-

"မင်း သွားအနားယူချင် ယူလို့ရပြီ၊ ငါ့အတွက် မလိုအပ် တော့ဘူး"

ဟုနှင်လွှတ်လိုက်၏။ တကယ်လည်း ဒီညဆေးတိုက်ပြီး လျှင် သူနာပြုဆရာမကြီးအတွက် ဤတစ်နေ့တာ တာဝန်မှာ ပြီး ဆုံးပြီဟု ဆိုနိုင်သည်။ သူနာပြုဆရာမကြီးက ခေတ္တမျှ အခန်းထဲ





တွင် ရပ်နေသေးသည်။ ဦးဘမော်ကလည်း ဘာညွှန်ကြားချက်မှ ထပ်မပေးဘဲ ငြိမ်သက်နေ၏။ ထို့ကြောင့် ဤအခန်းထဲမှ ထွက် တော့မည်ပြုတော့မှ ဦးဘမော်က . . .

"ဒီမှာ မင်းကို မေးစရာရှိတယ်"

"ဘာများလဲရှင်"

"မနေ့ညက ကန်ကြီးရဲ့အော်သံကို မင်းကြားလိုက်လား"

ဒီမေးခွန်းကြောင့် သူနာပြုကြီးမှာ ကြောင်၍သွားသည်။ သူတို့အိမ်တည်ရှိရာမှာ မြို့လယ်ဖြစ်သဖြင့် ကန်ကြီးနှင့် အလှမ်း ဝေးလှသည်။ ဘယ်လိုမှ အသံကို ကြားနိုင်စရာမရှိ။ ဦးဘမော်က သူ့ဖာသာတစ်ကိုယ်တည်း ပြောနေသလို . . .

"ငါတော့ ကြားရတယ်၊ ဒီကန်ကြီးအော်သံကြားရင် သတိ ထားရတယ်၊ ကဲပါလေ . . . မင်းသွားအိပ်တော့"

သူနာပြုဆရာမကြီးခြေသံက တဖြေးဖြေးဝေးကာ ပျောက် ကွယ်သွားသည်။ ဦးဘမော်ကတော့ မှန်ပြတင်းမှတဆင့် မြင်နေရ သည့် ခြံဝန်းထဲကို ငေးမောကြည့်နေသည်။ ခြံထဲတွင် လရောင် အနည်းငယ်ဖြင့် အမှောင်ရိပ်ကြီးစိုးနေ၏။ ဟိုလွန်ခဲ့သော နှစ်များ



www.burmeseclassic.com

www.burmeseclassic.com



စွာက ကန့်ကြီးအနီးတွင် ဖြစ်ပွားခဲ့သော ညတစ်ညကို သူအမှတ်ရနေသည်။ အရက်သေစာမူးယစ်ကာ လူတစ်ဦး၏အသိဉာဏ်ပျောက်ဆုံးနေသော လူငယ် (၃) ယောက်၊ သူတို့၏သားကောင်ဖြစ်ခဲ့ရသူက မမြသီ။

ဓမ္မပဒတွင်ပါသော စာသားတစ်ခုကို အတိအကျမဟုတ်သော်လည်း သူမှတ်မိနေသည်။ ကောင်းမှု၊ မကောင်းမှုဟူသည် လှည်းဘီး၏နောက်မှ ထာဝရလိုက်ပါတတ်သော လှည်းဘီးရာကဲ့သို့ ပြုသူ၏နောက်မှ အစဉ်အဆက် လိုက်ပါတတ်သည်ဆိုသော စကားဖြစ်သည်။ ထိုစကားသည် မှန်လှသည်။ သူ့ဘဝတလျှောက်လုံး ဤရာဇဝတ်မှုအရိပ်မည်းကြီးကြောင့် လိပ်ပြာသန့်သန့်၊ စိတ်အေးလက်အေး မနေခဲ့ရချေ။ ကြောက်စရာကောင်းသော အိပ်မက်ဖြင့် လန့်နိုးခဲ့သည့် ညပေါင်းများစွာလည်း ရှိခဲ့လေပြီ။

သူ့အတွက် သူ့သားသည် ဓါးစာခံဖြစ်ခဲ့ရသည်။ ဒီကျိန်စာက ဘယ်သောအခါမှ သူတို့မိသားစုအပေါ် ပျက်ပြယ်သွားမည်နည်း။ ရုတ်တရက် အခန်းထဲကိုဝင်လာသော ခြေသံကိုကြားရ၏။ သူက လှည့်မကြည့်ဘဲ . . .





"မင်းကို အနားယူနိုင်ပြီလို့ ငါပြောခဲ့တယ်၊ မအိပ်သေးဘဲ ဘာကြောင့်ပြန်လာရတာလဲ"

ဟုမေးလိုက်၏။ ဒီအိမ်တွင် ဦးဘမော်အပြင် နေထိုင်သူက သူ့ကိုအနီးကပ်စောင့်ရှောက်နေရသော သူနာပြုဆရာမကြီးသာ ရှိသည်။ ဒီတော့ သူက အခန်းထဲဝင်လာသူကို သူနာပြုဆရာမကြီးဟုသာ ထင်ရ၏။ သို့သော် ပြန်လည်တုန့်ပြန်သံမကြားရသဖြင့် သူလှည့်ကြည့်လိုက်သောအခါ . . .

ရုတ်တရက် ထိတ်လန့်၍သွားသည်။ သူ့အခန်းထဲမှာ မီးရောင်လင်းနေသည်။ ကောင်းစွာမြင်နိုင်သော မီးရောင်ထဲတွင် ရပ်နေသူက မမြသီဖြစ်နေလေသည်။ မမြသီ၏ခန္ဓာကိုယ်တွင် သူတို့သတ်ဖြတ်စဉ်က ဝတ်ဆင်ထားသော အထက်အောက် အနီရောင်ဖက်ရှင်အင်္ကျီနှင့်ထဘီကို ဝတ်ဆင်ထားသည်။ ထူးခြားတာက သူ့တစ်ကိုယ်လုံး ခြေဆုံးခေါင်းဖျား အဝတ်အစားတွေပါမကျန် ရေတွေစို၍နေခြင်း ဖြစ်လေသည်။ သူ့ကိုယ်နှင့်အဝတ်က တစ်စက်စက်ကျနေသော ရေတွေက သူရပ်နေသော ကြမ်းပြင်တွင် အိုင်ထွန်း၍နေသည်။



www.burmeseclassic.com

"မင်းဘာလာလုပ်တာလဲ မမြသီ"

မမြသီက စကားတစ်ခွန်းမှမပြောဘဲ ရှေ့ကိုသာ တစ်လှမ်းချင်း တိုးလာနေသည်။ လမ်းလျှောက်လာရင်း မမြသီ၏မျက်နှာနှင့် ခန္ဓာကိုယ်က တစစီပြောင်းလဲသွား၏။ အသားအရေက ပြာနှမ်းနှမ်း ဖြူရော်ရော်။ ခန္ဓာကိုယ်က ပုတ်ပွရိဆွေးနေသလိုလို။ လက်တွေက အရိုးပြိုင်းပြိုင်းကျနေသည်။

"မင်းဘာလာလုပ်တာလဲ . . . သွား . . . သွား . . . ငါ့ဆီမလာနဲ့"

အော်ဟစ်သံတွေ ကြားသဖြင့် သူနာပြုဆရာမကြီး ဤအခန်းထဲသို့ ဝင်လာကြည့်သောအခါ ဘီးတပ်ကုလားထိုင်တွင် ထိုင်ရင်း အသက်ပျောက်နေပြီဖြစ်သော ဦးဘမော်ကိုသာ တွေ့ရလေတော့သည်။

* * * *

တောင်ကိုးလုံးသုသာန်မှာ မြို့ပြင်တောင်ကုန်းလေးတစ်ခုပေါ်တွင် ရှိသည်။ ဆင်ခြေလျှောတလျှောက် အစီအရီရှိနေသော





အုတ်ဂူဖြူဖြူကလေးများ၊ မြက်ခင်းစိမ်းစိမ်းများဖြင့် အ,မင်္ဂလာအရိပ်တစ်ခုနှင့် မတူအောင်ပင် လှပသော နေရာလေးတစ်ခု ဖြစ်သည်ဟုဆိုချင်၏။

သင်္ချိုင်းကို အုပ်မိုးထားသော သက်တမ်းရင့်ကြီးမားသည့် သစ်ပင်ကြီးများ၏အရိပ်ကြောင့် သင်္ချိုင်းသည် မွန်းတည့်မွန်းလွဲမကျန် အရိပ်ဝေဝေဆာဆာဖြင့် အေးမြသော နေရာဖြစ်၍နေလေသည်။ ထိုသစ်ပင်ကြီးများမှ ဝါရွှေသော ရွက်အိုတချို့က တစ်ခါတစ်ရံ ဝှေ့ဝဲတိုက်ခိုက်လိုက်သော လေကြောင့် တစ်ရွက်စ၊ နှစ်ရွက်စ မြေပေါ်သို့ သက်ကြွေကျနေသည်။

ဦးဘမော်၏ နောက်ဆုံးမြေကျအခမ်းအနားမှာ မခမ်းနားရုံမက သတိသံဝေဂရဖွယ်ကောင်းလောက်အောင်ပင် လိုက်လံပို့ဆောင်သူ အနည်းမျှဖြင့် ခြောက်ကပ်တိတ်ဆိတ်နေ၏။ ဦးဘမော်သည် မသေခင်အချိန်အထိ ဤမြို့ကလေးတွင် ငွေကြေးအရှိန်အဝါ ကြီးမားခဲ့သူတစ်ဦး ဖြစ်သည်။ ငွေကိုအားကိုးကာ သူသည် မောက်မာကောင်း မောက်မာနိုင်ပေမည်။ အခုတော့ . . .

လူတွေက မနိုင်တုန်း ခေါင်းငုံ့ခံကြကာ အလွန်ရောက်

www.burmeseclassic.com



သည်နှင့် ကလဲ့စားချေသလို တုန့်ပြန်တတ်သည်လားမသိ။ ယခု အသုဘတွင် မလွဲမကင်းသော သူတချို့သာ လာရောက်ပို့ဆောင်ကြလေသည်။ အရင်တုန်းက သူ့ကို ဆက်ဆံသည်ဆိုသူများမှာ ငွေကြေးအရှိန်အဝါကြောင့် ဆက်ဆံကြသူများ ဖြစ်ကြသည်။

လိုက်ပို့ကြသူ အနည်းငယ်ထဲတွင် ရဲအရာရှိဦးအောင်ကောင်းနှင့် ကျော်ဇောမြတ်လည်း ပါလေသည်။ ဒီလူကြီးကို သူ့ဆက်ဆံပုံ အထက်စီးဆန်မှုကြောင့် ကျော်ဇောမြတ်က သဘောမတွေ့။ သို့သော် ဤလူကြီးက ကွယ်လွန်သွားသော သူ့အဖေ၏ ဆိုးတူကောင်းဘက် သူငယ်ချင်း။ ဒီတော့ သူ့အဖေကိုယ်စား လိုက်ပို့ဆောင်ဖို့ သူတာဝန်ရှိတာတော့ အမှန်ဖြစ်သည်။ ဦးအောင်ကောင်းက . . .

"အင်း . . တရားကျဖို့ ကောင်းတယ်၊ ဒီလူကြီးက အသက်ရှင်စဉ်က ငွေဂုဏ်မောက်ပြီး အတော်လေး ရိုင်းပျခဲ့တဲ့ သူတစ်ယောက်ပဲ၊ အခုတော့လည်း ဘာမှမလုပ်နိုင်တော့ဘူး၊ ငှက်ပျောတုံး လက်ပန်တုံးနဲ့ မခြားဘူး၊ ငွေတွေ ပါဝါတွေဆိုတာ သေပြီဆိုတော့လည်း သေရွာကို ယူဆောင်သွားနိုင်တဲ့ အရာတွေ မဟုတ်ပါဘူး၊





ဒါနဲ့တောင် လူတချို့က ဘာကြောင့်မာနတွေ ထောင်လွှားနေချင်ရတာလဲ"

ဟု စကားကောင်းပြောနေလေသည်။ ကျော်ဇောမြတ်က-

"ဘာကြောင့် ရုတ်တရက် ကွယ်လွန်သွားတာလဲ"

"သူ့ရဲ့သူနာပြုကြီးပြောတော့ နှလုံးရောဂါဖောက်လာလို့တဲ၊ စစ်ဆေးတဲ့ ဆရာဝန်ကလည်း ဒီအတိုင်းပြောပါတယ်၊ ပြီးတော့ ဒီလူကြီးက နာတာရှည်ရောဂါသည်ကြီး မဟုတ်လား၊ သူကွယ်လွန်တော့ သံသယဖြစ်စရာ မရှိပါဘူး"

သစ်ပင်တစ်ပင်အောက်တွင် ရပ်ငေးနေသော ကေသီတို့သားအမိကိုလည်း တွေ့ရလေသည်။ သူက လှမ်းကြည့်ကာ လက်ပြနှုတ်ဆက်လိုက်၏။ ဦးအောင်ကောင်းက . . .

"ဒီသားအမိကတော့ ကုသိုလ်ထူးပါတယ်"

"ဘာဖြစ်လို့လဲ"

"ဦးဘမော်ကွယ်လွန်သွားတော့ ကျန်ခဲ့တဲ့ ပစ္စည်းအတော်များများကို သူ့ဇာကလေးက အမွေအဖြစ် လက်ခံရလိုက်တယ်ရော တစ်ဦးတည်းသော မြေးမဟုတ်လား၊ သားဖြစ်တဲ့ သူကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်နေတော့ အမွေဆက်ခံနိုင်မှာမှ မဟုတ်ဘဲ"

ထိုစကားနှင့် တဆက်တည်း ကျော်ဇောမြတ်က သတိရသွားကာ . . .

"ခင်ဗျားကို ကျွန်တော်ပြောစရာစကား ရှိတယ်"

"ပြောလေ . . ."

"ဒီက အပြန်ကျမှ စားသောက်ဆိုင်တစ်ဆိုင်ဝင်ထိုင်ရင်း ပြောကြတာပေါ့"

သူတို့နှစ်ယောက် ထွက်လာကြသောအခါ ဦးဘမော် တပည့်ရဲဒင်က ငေးမောကြည့်ကာ ကျန်ရစ်ခဲ့လေသည်။

* * * *

"ခင်ဗျားကို ဒီစကားတွေပြောဖို့ ကျွန်တော်ချင့်ချိန်နေတာ နှစ်ရက်သုံးရက်ရှိပြီ"

မြို့လယ်စားသောက်ဆိုင်တစ်ခုတွင်ထိုင်ကာ စားသောက်စရာများ မှာပြီးသည်နှင့် ကျော်ဇောမြတ်က ပြောလိုက်ခြင်း ဖြစ်





သည်။

"ဘာစကားမို့ ဒီလောက်ချင့်ချိန်နေရတာလဲ"

"ပြောသင့် မပြောသင့်ပေါ့ဗျာ၊ ပြောလိုက်ရင် ထိခိုက်မယ့်သူတွေ ရှိတယ်၊ မပြောပြန်ရင်လည်း ကျွန်တော်က သိရဲ့သားနဲ့ ဆိုးဝါးတဲ့ ရာဇဝတ်မှုတစ်ခုကို ထိန်ချန်ထားသလို ဖြစ်မယ်၊ အဲသလို နေရမယ်ဆို ကျွန်တော်လည်း အပြစ်မကင်းတော့ဘူး"

"ရာဇဝတ်မှု . . . ဟုတ်လား"

ရဲအရာရှိပီပီ ရာဇဝတ်မှုဆိုတော့ ဦးအောင်ကောင်း အထူးစိတ်ဝင်စားသွားဟန်တူသည်။ သောက်လက်စ ဘီယာခွက်ကို စားပွဲပေါ် ချလိုက်ရင်း နားစွင့်နေ၏။

"ဟုတ်တယ် . . . အမှုက လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်က အမှု၊ တောင်ကိုးလုံးရဲတပ်ဖွဲ့ရဲ့ရာဇဝင်မှာ အဖြေရှာမရခဲ့တဲ့ လူပျောက်ဆုံးမှု"

မျက်ခုံးကိုပင့်ကာ ဦးအောင်ကောင်းက . . .

"ပျောက်ဆုံးနေတဲ့သူက အဆိုတော်မမြသီ မဟုတ်လား"

ဟုပြောလိုက်သဖြင့် ကျော်ဇောမြတ် အံ့အားသင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်လိုလုပ်ရိပ်မိတာလဲ"

"မဆန်းပါဘူး . . . ကျွန်တော်ရဲ့လေ၊ နဂိုကတည်းက ဒီအမှုဟာ အလောင်းရှာမရတဲ့ လူသတ်မှုလို့ ယူဆထားပါတယ်၊ သဲလွန်စတချို့လည်း ရှိတယ်"

"ဘယ်လိုဟာမျိုးလဲ"

"အဲဒီမမြသီပျောက်ဆုံးတဲ့ညက မမြသီဟာ ဒီမြို့က မြို့မျက်နှာဖုံးလူငယ်သုံးယောက်နဲ့ အတူရှိခဲ့တယ်လို့ တချို့က သက်သေထွက်ခဲ့တယ်တဲ့၊ ဒါက မှတ်တမ်းဟောင်းတွေထဲမှာ ရှိတယ်"

"ဒါနဲ့တောင် အမှုကို ဘာလို့မဖော်ထုတ်ခဲ့ကြတာလဲ"

"အဓိက,က အလောင်းရှာမရဘူး၊ အလောင်းကို မတွေ့ဘဲ ဘယ်လိုလုပ် လူသတ်မှုလို့ စွပ်စွဲမလဲ၊ ပြီးတော့ တရားခံလို့ မသင်္ကာတဲ့ လူငယ်သုံးယောက်လည်း ဒီမြို့မှာ ဩဇာရှိတဲ့ မြို့မိမြို့ဖ မြို့မျက်နှာဖုံးတွေက ပေါက်ဖွားလာတဲ့သူတွေ။ သက်သေမရှိဘဲ သံသယရှိရုံနဲ့ ခေါ်ပြီး စစ်ဆေးဖို့ အဆင်ပြေမယ့်သူမဟုတ်ဘူး၊ နောက်တစ်ချက်က မမြသီက ကျောထောက်နောက်ခံမရှိတော့ ဘယ်သူကမှ ဒီအမှုကို ပေါ်ပေါက်အောင် ဆောင်ရွက်ဖို့





တွန်းအားမပေးခဲ့ကြဘူး"

ကျော်ဇောမြတ်က ခေါင်းညိတ်ထောက်ခံလိုက်သည်။ ပြီးတော့ . . .

"အင်း . . . ရာဇဝတ်ဘေးပြေးမလွတ်ဆိုတာ တယ်မှန်တာပဲ၊ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူး၊ ဒီအမှုကျူးလွန်ခဲ့တဲ့ (၃) ယောက်မှာ ကျွန်တော့်အဖေကတော့ မရှိတော့ဘူး၊ နှစ်ယောက်က ကျန်နေသေးတော့ သူတို့အတွက် ထည့်စဉ်းစားရတယ်၊ အိုမင်းမှ ရုံးတော်မှာ တရားရင်ဆိုင်နေရရင် ဒုက္ခဖြစ်မှာစိုးလို့၊ အခု ဦးဘမော်ကွယ်လွန်သွားတော့ ဦးလှဆောင်တစ်ယောက်ပဲ ကျန်တော့တယ်"

"ဒါကြောင့် ခင်ဗျားက ထုတ်ပြောဖို့ ဆုံးဖြတ်ခဲ့တာပေါ့"

"ဟုတ်တယ်လေ . . . ကွယ်လွန်သွားတဲ့ မမြသီအတွက် တရားမျှတမှုရှိအောင် ကျွန်တော့်တို့ တတ်နိုင်သမျှ ဆောင်ရွက်ပေးဖို့ ဝတ္တရားရှိတယ် မဟုတ်လား"

ကျော်ဇောမြတ်က ဦးလှဆောင်ထံမှ ကြားသိရသမျှကို ဦးအောင်ကောင်းအား အပြည့်အစုံ ပြန်လည်ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ကောင်းက စိတ်ဝင်တစား နားထောင်ခဲ့ကာ . . .

"အင်း . . . တစ္ဆေတစ်ကောင်ရဲ့ ကျိန်စာကတော့ ကျွန်တော်နဲ့မပတ်သက်ဘူး၊ ယုံတယ်မယုံဘူး မပြောချင်ဘူး၊ ကျွန်တော်နဲ့ပတ်သက်တာကတော့ လူသတ်မှုပဲ"

"ခင်ဗျား ဘာလုပ်မယ် စဉ်းစားထားသလဲ"

ကျော်ဇောမြတ်က မေးတော့ . . .

"စဉ်းစားစရာ လိုသေးလို့လား၊ တရားခံကို သွားဖမ်းဖို့ပဲရှိတော့တာပေါ့၊ ဦးလှဆောင်က မစဉ်းစားတတ်တဲ့သူ မဟုတ်ဘူး၊ ဒီအကြောင်းတွေ ခင်ဗျားကို ဖွင့်ပြောကတည်းက သူ့အနေနဲ့ အဆုံးစွန်မျှော်လင့်ထားလို့ပဲ၊ အခုလောက်ဆို သူ့ဘက်က ပြင်ဆင်ထားပြီးရောပေါ့"

"ခင်ဗျား ဘယ်တော့ သွားဖမ်းမှာလဲ"

"အခုပဲ . . . ခင်ဗျားလိုက်ခဲ့ဦးမလား"

ကျော်ဇောမြတ်က ခေါင်းညိတ်လိုက်သည်။ သူက ဦးလှဆောင်ကို အားပေးစကားဖြစ်ဖြစ် ပြောချင်သည်။ ဦးလှဆောင်က သူ့ကို ခွင့်လွှတ်လိမ့်မည် ထင်ပါသည်။



BURMESE CLASSIC .com

## (၁၀) နိဂုံး၏နိဂုံး

ကျော်ဇောမြတ်နှင့် ဦးအောင်ကောင်းတို့ ရောက်ရှိသွားသောအခါ တာဝန်ကျဆရာမကလေးက ဦးလှဆောင်အခန်းသို့ လိုက်ပို့သည်။ သူတို့အခန်းထဲ ဝင်ရောက်သွားသောအခါ ပြတင်းပေါက်အနီး ကုလားထိုင်တွင် သူတို့ကို ကျောပေးထိုင်နေသည့် ဦးလှဆောင်ကို တွေ့ရ၏။ ကျော်ဇောမြတ်က ဦးအောင်ကောင်းအား . . .

"ခင်ဗျားအနေနဲ့ ဒီကိစ္စကို သိမ်သိမ်မွေ့မွေ့ ဆောင်ရွက်စေချင်တယ်"

ဟု တိုက်တွန်း၏။ ဦးအောင်ကောင်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော်လည်း ဝတ္တရားအရ ဆောင်ရွက်ရပေမယ့် တကယ်စိတ်မကောင်းပါဘူး"

သူတို့ ဦးလှဆောင်ကုလားထိုင်နားရောက်တော့မှ မတုန်မလှုပ် ကျောက်ရုပ်တစ်ရုပ်လို ထိုင်နေသော ဦးလှဆောင်သည် အသက်မရှိတော့ကြောင်း သိရလေသည်။ သူ့မျက်လုံးနှစ်လုံးက ပွင့်နေ၏။ သို့သော် ဘာကိုမှ မြင်နိုင်စွမ်း မရှိတော့။ သူ့လက်နှစ်ဖက်သည် ကုလားထိုင်ဘေးတွင် တွဲလောင်းကျနေ၏။ လက်ကောက်ဝတ်နှစ်ဖက်တွင် လှီးဖြတ်ထားသော ဓါးအရာကို တွေ့ရသည်။ ထိုလက်ကောက်ဝတ်မှထွက်သည့် သွေးတွေက ကြမ်းပြင်တွင် အိုင်ထွန်းနေ၏။ ကျော်ဇောမြတ်က တစ်နည်းအားဖြင့်လည်း စိတ်သက်သာရာရမိသည်။ သူ့ပြဿနာကို သူ့နည်းသူ့ဟန်ဖြင့် ဖြေရှင်းသွားခြင်းသာ ဖြစ်လေသည်။ ဦးအောင်ကောင်းကတော့ စိတ်မသက်မသာ ဖြစ်မိသည်။ နောက်ဆုံးကျန်ရစ်ခဲ့သည့် တရားခံထံမှ ဘာစစ်ချက်မှ မယူခဲ့နိုင်သောကြောင့် ဖြစ်လေသည်။

"အဲ . . . ကိစ္စအားလုံးတော့ ပြီးသွားပြီဆိုနိုင်တာပေါ့"

"မပြီးသေးဘူးလေဗျာ"

ကျော်ဇောမြတ်က ပြောလိုက်ခြင်း ဖြစ်သည်။





"ဘာမပြီးသေးတာလဲ"

"မမြသီရဲ့အလောင်းကို တူးဖေါ်ပြီး ထိုက်သင့်တဲ့နေရာမှာ မြှုတ်နှံပေးရဦးမယ်လေ၊ ပြီးတော့ ဗုဒ္ဓဘာသာထုံးစံအရ သပိတ်သွတ်အမျှဝေရဦးမှာပေါ့၊ ဒါမှ သူလည်း ဒီဘဝက လွတ်ကျွတ်နိုင်မှာ"

"အဲဒီကိစ္စတွေကို ဘယ်သူလာလုပ်မလဲ"

"ကျွန်တော်လုပ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီပြစ်မှုကျူးလွန်ခဲ့တဲ့နေရာမှာ ကျွန်တော့်အဖေလည်း တစ်စိတ်တစ်ပိုင်း ပါဝင်ခဲ့တယ် မဟုတ်လား၊ ဒီတော့ ဒီတာဝန်ကိုယူပြီး ကျွန်တော်အကြွေးဆပ်ရမှာပေါ့၊ မမြသီကျေနပ်နိုင်ပါစေလို့ ဆုတောင်းရတော့မှာပဲ"

ကျော်ဇောမြတ်၏စိတ်ကူးမှာ အမှန်ပင် ဖြစ်သည်။ ကန်စပ်ရှိ လူမိန်းမပန်းပုပုံသဏ္ဌာန်နှင့်တူသော မိုးမခပင်ကြီးအောက်ကို တူးလိုက်သောအခါ အရိုးကျနေသော မမြသီ၏ရုပ်အလောင်းကို တွေ့ရလေသည်။ ထိုအလောင်းကို သယ်ဆောင်ကာ တောင်ကိုးလုံးသုသာန်တွင် ကောင်းစွာဂူသွင်းမြှုတ်နှံခဲ့လေသည်။ ရဟန်းသံဃာများ ပင့်ဆောင်ကာ သပိတ်သွတ်အမျှဝေခြင်းလည်း ပြုခဲ့သည်။ ကိစ္စတွေပြီးသော်လည်း ကျော်ဇောမြတ်သည် ထိုမြို့မှ မပြန်သေး



www.burmeseclassic.com

www.burmeseclassic.com



ဘဲ လုံးချင်းဝတ္ထုတစ်ပုဒ်ကို ပြီးစီးအောင် ရေးခဲ့၏။ ဇာတ်လမ်းမှာ ယခုဖေါ်ပြခဲ့သော ဇာတ်လမ်းပင် ဖြစ်လေသည်။ ထိုဝတ္ထုမှာ အကြိုး အကျယ် အောင်မြင်လေသည်။

ထိုမြို့တွင်ရှိစဉ် ကျော်ဇောမြတ်သည် ကေသီတို့သားအမိ နှင့် တရင်းတနှီး ဆက်ဆံနေလေရာ မြင်တွေ့ရသူများက မကြာမီ လက်ထပ်မင်္ဂလာဆောင်နှဲကြမည့် စုံတွဲဟု တီးတိုးပြောဆိုနေကြလေ တော့သတည်း။

(ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေ)

ဒေဝစကြာ

(မေ ၂၀၁၂)

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ဒေပမပြော

တရွှေကျိန်စာ

www.burmeseclassic.com